www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဒို့အရေးအရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက်(၂၁)၊ အခန်း(၁၁)၊ စီးပွား/ကူးသန်း
ဝန်ထမ်းအိမ်ရာ၊ ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ဦးစည်သူကိုကို (တော်ဝင်ထွန်းပုံနှိပ်တိုက်)
အမှတ် (၁၇)၊ (၅၂) လမ်း၊ ပုဇွန်တောင်။
မီဒီယာ ကိုသက်မော်ဦး (သာယာဝတီ)
ပုံနှိပ်ခြင်း ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ ၅၀၀ အုပ်
တန်ဖိုး ၅၀၀ ကျပ်

ဖြန့်ချိရေး - ရွှေသစ္စာစာပေ
တိုက် (၄၇၂)၊ အခန်း (၂၀၂)၊ ရာဇာဓိရာဇ်အိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၉၆၉၉၇ (လိုင်းခွဲ-၂၀၆၀)၊ ၀၉-၄၉၅၀၈၆၈၂

ဗ၃၂
ရဲသွေးထက်
မြန်မာနိုင်ငံရေးလှုပ်ကြဲသူ ဂျွန်ဦးစော
ရဲသွေးထက် ။ - ရန်ကုန်၊
အင်ပါယာစာပေ ၊ ၂၀၁၂ ။
၂၁၅ - စာ ၊ ၁၂.၅ × ၂၀.၅ စင်တီ။
မြန်မာနိုင်ငံရေးလှုပ်ကြဲသူ ဂျွန်ဦးစော

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဂဠုန်ဦးစော၏ နိုင်ငံရေးလှုပ်ရှားမှု | ၄၁ |
| ၂။ | အတိုက်အခံခေါင်းဆောင်ဦးစော | ၄၄ |
| ၃။ | ဦးစော၏စရိုက် | ၅၁ |
| ၄။ | နန်းရင်းဝန်ဦးစော | ၅၃ |
| ၅။ | ဦးစော အဖမ်းခံရပြန်ပြီ | ၅၆ |
| ၆။ | ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ် | ၅၈ |
| ၇။ | မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်ကို ပြန်ပြီး တော်လှန်သော ဗိုလ်ချုပ်အောင်ဆန်း | ၅၉ |
| ၈။ | ဗိုလ်ချုပ်နှင့်ပြည်သူ | ၆၁ |
| ၉။ | ဗိုလ်ချုပ်ကိုအထင်သေးသော ဆာဒေါ်မန်စမစ် | ၆၃ |
| ၁၀။ | ဗိုလ်ချုပ်နှင့်ဦးစော | ၆၆ |
| ၁၁။ | ပြောင်းလဲသွားသောနိုင်ငံရေးအခြေအနေ | ၆၈ |
| ၁၂။ | လုပ်ကြံရခြင်း၏အခြေခံအကြောင်းအရာ | ၆၉ |
| ၁၃။ | အောင်ဆန်းအက်တလီစာချုပ်နှင့်ဦးစော | ၇၀ |
| ၁၄။ | ဗိုလ်ချုပ်၏လွတ်လပ်ရေးကြိုးပမ်းမှု | ၇၄ |
| ၁၅။ | ဂဠုန်ဦးစောဆားချက်ပြီ | ၇၆ |
| ၁၆။ | ဦးစော၏အကြံ | ၇၈ |
| ၁၇။ | ဗိုလ်ချုပ်တင်သွင်းသောမှု ခုနစ်ချက် | ၇၉ |


www.burmeseclassic.com

www.burmeseclassic.com




၁၈။ ဗိုလ်ချုပ်မှာသောစကား ၈၆

၁၉။ ထွက်ပေါ်လာသောသတင်းနှင့်ဗိုလ်ချုပ်၏ယုံကြည်မှု ၈၈

၂၀။ ပြည်သူကိုယုံကြည်သောဗိုလ်ချုပ် ၉၀

၂၁။ သွေးစွန်းသော ဖူလိုင်တစ်ဆယ့်ကိုး ၉၁

၂၂။ အစားထိုးမရသောဆုံးရှုံးခြင်း ၉၄

၂၃။ ဘဏ္ဍာရေးဌာနဝန်ကြီး သခင်မြ ၉၆

၂၄။ စက်မှုလက်မှု အလုပ်သမားဌာနဝန်ကြီး မန်းဘခိုင် ၉၇

၂၅။ အမျိုးသားစီမံကိန်းနှင့်ပညာရေးဌာနဝန်ကြီး ဦးရာဇတ် ၉၇

၂၆။ ပြန်ကြားရေးဌာနဝန်ကြီး ဒီးဒုတ်ဦးဘချို ၉၈

၂၇။ နယ်ခြားဒေသများဆိုင်ရာဝန်ကြီး
မိုင်းပွန်စော်ဘွား စပ်စံထွန်း ၉၉

၂၈။ ကုန်သွယ်ရေးနှင့်ထောက်ပံ့ရေးဝန်ကြီး ဦးဘဝင်း ၉၉

၂၉။ ဒုတိယအတွင်းဝန် ဦးအုန်းမောင် ၁၀၀

၃၀။ သက်တော်စောင့်ကိုထွေး ၁၀၁

၃၁။ သူတို့အမြင်၊ သူတို့စကား ၁၀၂

၃၂။ အကြံကြီးသော ဦးစော ၁၁၂


## လုပ်ကြံမှု၏နောက်ဆက်တွဲဖြစ်ရပ်များ


၃၃။ အထင်နှင့်အမြင်လွဲခဲ့သော ဦးစော ၁၁၆

၃၄။ ဦးစော၏ထောင်သားဘဝ ၁၂၀

၃၅။ လုပ်ကြံသူများ၏ထောင်တွင်းဖြစ်ရပ် ၁၂၁


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com




၃၆။ မာန်မကျသေးသောဦးစော ၁၂၃

၃၇။ ဦးစော၏ထောင်တွင်းကြိုးစားမှု ၁၂၄

၃၈။ နိုင်ငံတော်လုပ်ကြံမှုအတွက်တရားစီရင်ရန်
အထူးခုံရုံးဖွဲ့စည်းခြင်း ၁၂၇

၃၉။ နာယကကြီးဦးကျော်မြင့်နှင့် အထူးခုံရုံးအဖွဲ့ဝင်များ ၁၃၁

၄၀။ တရားမျှတသောတရားရေး ၁၃၂

၄၁။ ဦးစော၏ဘဝ ၁၃၅

၄၂။ စတင်စစ်ဆေးပြီ ၁၃၆

၄၃။ ချမှတ်လိုက်သောစီရင်ချက် ၁၄၂


## ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံခဲ့သော ဂဠုန်ဦးစောနှင့် အပေါင်းအပါများ ဘာဖြစ်သွားခဲ့သလဲ


၄၄။ မာန်လျော့သွားသော ဦးစော ၁၄၈

၄၅။ ဦးစော၏ အယူခံနှင့် မြန်မာ့လွတ်လပ်ရေး ၁၅၀

၄၆။ အပယ်ခံရသောလျှောက်လွှာ ၁၅၉

၄၇။ ကြွင်နာတတ်သောမြန်မာများ။ ၁၆၀

၄၈။ တိုင်းပြည်အခြေအနေနှင့် ဦးစော၏နောက်ဆုံးခရီး ၁၆၁


၄၉။ အလောင်းမင်းတရားကြီး၏ သက်နိုးနက်ဘုရားနှင့်
ဂဠုန်ဦးစောကံကြမ္မာ ၁၆၄

• ကျမ်းကိုးစာရင်း ၁၇၄


www.burmeseclassic.com

(ဆိုးငါးကျွန်းရွာ၀ ဒုက္ခ) ဆိုးနွားဝရွှေဝတေး လေးစခန်းဒုက္ခကျွန်ုပ်

ဆိုးငါးကျွန်းရွာလေးဝေးဒုက္ခဝင်လေဝေးဒုက္ခနှင့် ဒုံးနွားဝရွှေလေးဝေးဒုက္ခလွှဲ ယင်ပတ်ခေါင် ဒုက္ခဆိုင်ခေါင်



www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



သခင်မြ

(၁၈၉၇-၁၉၄၇)

www.burmeseclassic.com


www.burmeseclassic.com



ဒီဒုတ် ဦးဘချို
(၁၈၉၁-၁၉၄၇)

www.burmeseclassic.com

www.burmeseclassic.com



ဦးရာဇတ်

(၁၈၉၈ - ၁၉၄၇)

www.burmeseclassic.com

www.burmeseclassic.com



ဦးဘဝင်း
(၁၉၀၁ - ၁၉၄၇)

www.burmeseclassic.com

www.burmeseclassic.com



မန်းဘခိုင်

(၁၉၀၃ - ၁၉၄၇)

www.burmeseclassic.com

www.burmeseclassic.com



မိုင်းပွန်စော်ဘွားစပ်စံထွန်း
(၁၉၀၇-၁၉၄၇)

www.burmeseclassic.com

www.burmeseclassic.com



ဦးအုံးမောင်
(၁၉၁၃ - ၁၉၄၇)

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ကိုထွေး
(၁၉၂၉ - ၁၉၄၇)

www.burmeseclassic.com

www.burmeseclassic.com



ဂဠုန်ဦးစောအား
ဂျပန်ဝတ်စုံဖြင့်တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဦးတော်၏ရှေ့နေ

www.burmeseclassic.com


www.burmeseclassic.com



၁၉၄၇ခုနှစ် ဇူလိုင် ၁၉ ရပ် နံနက် ၁၀ နာရီ ၃၇ မိနစ်က မသမာသူတို့လက်ချက်ဖြင့် ကျဆုံးခဲ့ရသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ကလာပ်ကို တာဝါလိန်း(ရွှေကြက်ယက်လမ်း)နေအိမ်တွင် ကျန်ရစ်သူ ဇနီးဒေါ်ခင်ကြည်နှင့် သားအောင်ဆန်ဦး၊ အောင်ဆန်းလင်းတို့ကထိုနေ့ညနေ ၆နာရီခန့်က ကြည့်ရှုသည့် တွေ့ရသည်။

www.burmeseclassic.com

ဝိုးထောဒဂြိုးပြဒလေယဒဖ် ဒဝိတ်ယောစခွာသရါဂုံ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားခေါင်းဆောင်ကြီး အာဇာနည် ဗိုလ်ချုပ်အောင်ဆန်းကို
မသမာသောလူသတ်သမားတို့က လုပ်ကြံခဲ့ပြီးနောက် အလောင်းကိုရွှေစိတ်
ဆေးထိုးပြီး ရန်ကုန်မြို့ဘာဝါလိန်းရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်
(ယခုပြတိုက်)၌ ၁၉၄၇ ခုနှစ် ဇူလိုင်လက ထားခဲ့ပုံ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏
ရုပ်ကလာပ်များကို ရွှေတိဂုံဘုရားလမ်းရှိ

ဂျူဗလီဟောလ်သို့ ပို့ဆောင်ရာလမ်းတစ်လျှောက်တွင်
ပြည်သူသိန်းပေါင်းများစွာက ဤသို့အလေးပြုခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]

www.burmeseclassic.com

www.burmeseclassic.com

။ ဂုံယျာဂြီးလခဧေယွယ်ယ်ခလေငွဲးငွှးငွှေငွေဝဧေ ရိဧေးဧေးနွှယ်လ်ထံလ်ငွေဂြျဂေနှုဂြ
ငွံယ်ဂွလယဂွဗ်မှုး၊ဒါး၊ငွဲျဂွယေခုဧခမွဲယေဂခမ္ဘလဓ။



www.burmeseclassic.com

www.burmeseclassic.com



ဂူမသွင်းမှီ နိုင်ငံတော်ဗျာပနအခမ်းအနား ကျင်းပနေစဉ်

www.burmeseclassic.com



ချွေးစီးငယ်နှဲ့ ဦးနှံ့ယှဉ်ငှင်စေလေး ဂျွာဆောဒ္ဓဝါပြီ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်

www.burmeseclassic.com

www.burmeseclassic.com



ဦးစောအမှုများအား စစ်ဆေး၍ စီရင်ချက်ချမှတ်ခဲ့သော
အထူးရာဇဝတ်ခုံရုံးအဖွဲ့ဝင်များ။
(ဝဲမှယာ)ဦးကျော်မြင့်၊ဦးအောင်သာကျော်၊ဦးစိုးညွှန့်

www.burmeseclassic.com



ဦးစော၏ အတိုင်ပင်ခံရှေ့နေကြီးများအဖြစ်
လိုက်ပါဆောင်ရွက်ခဲ့ကြသော ဦးစံဝင်း ဦးသိန်းမောင်

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးတွင် ဦးစောသည်ကျိုက္ကန္ဒြေဆယ်၍
ဟန်ဆောင်အပြုံး ဝင်ခဲ့သေးသည်

www.burmeseclassic.com

www.burmeseclassic.com

ဒုလေးစီးကြွပ်နှင့်ပါးကြွပ်နှင့် ၊ဝင်င ၊ဒွဲဖွဲဒုလေးစာဒွဲ
လေးစာကြွပ်ကြွှဲးထုံးလူပုံ မိုက်ကြွဂှဲလုံ ဂှလေးစာဒွဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



အမှုစတင်စစ်ဆေးရန် ဂျူန်ဦးစောအား အင်းစိန်ဗဟိုအကျဉ်းထောင်မှ တရားရုံးသို့ထုတ်ယူလာစဉ်

www.burmeseclassic.com



နိုင်ငံတော်လုပ်ကြံမှု တရားခံများအား တရားရုံး၌ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ဦးဖေတာအား ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်၊ နံနက် ၅ နာရီ ၃၅ မိနစ်တွင် အင်းစိန် ဗဟိုအကျဉ်းထောင်ကြီးအတွင်းရှိ (၁) ဆောင်အနီး ကြိုးစင်၌ ကြိုးပေးရန် ပြင်ဆင်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



အထူးတရားစီရင်ရေးအဖွဲ့ လူကြီးများဖြစ်ကြသော (ဝဲမှယာ) ဦးအောင်သာကျော် (အဖွဲ့ဝင်)၊ တရားဝန်ကြီး ဦးကျော်မြင့် (ဥက္ကဋ္ဌ)၊ ဆက်ရှင်တရားသူကြီး ဦးစိဘူး (အဖွဲ့ဝင်)

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စစ်ဗိုလ် မေဂျာဟင်နရီထန်၏ပုံ
(ဂဠုန်ဦးစောအား လက်နက်ထုတ်ယူနိုင်ရန် စီစဉ်ခဲ့၍ ထောင်ဒဏ် ၂နှစ် ကျခံရသော်လ
အယူခံဖြင့် ပြန်လည်လွတ်မြောက်၍ အင်္ဂလန်သို့ထွက်ခွာသွားခဲ့သည်။)

www.burmeseclassic.com

ငြင်းလေးလေဗဒ္ဒဂဒ္ဒပွဲးပွဲးဓဝင့်ပြေ
ဝှံ့နှ်ပျပ်ယဝ်းနှ်ုင်းဝ္ဍ နှ်ဝ့်ဖြဝှ်းဒ္ဒဝ် ငှ်ဒ္ဒိဝ်းယမဝ ငှလေဝ်းဝ္ဍ



www.burmeseclassic.com

www.burmeseclassic.com



သူ၏အားရုံထုတ်လာစဉ်

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၇ခုနှစ် ဧပြီလတွင် စတင်စမ်းသပ်သော အုပ်ချုပ်ရေးစနစ်သစ်တွင် ဒေါက်တာဘမော်က ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေးခေါင်းဆောင်သည်။ ဦးစောက လွှတ်တော်တွင် အတိုက်အခံခေါင်းဆောင်တစ်ဦး။

လွှတ်တော်နိုင်ငံရေးတွင် မဲဆွယ်၊ မဲဖလှယ် မဲအရောင်းအဝယ်ပြုကြသည်။ မကြာခဏ အယုံအကြည်မရှိအဆို သွင်းကြသည်။ အစည်းအဝေးတစ်ပတ်လျှင် အဆိုအကြိမ်ကြိမ်ပြု၍ မဲအလီလီခွဲရသည်။ အစိုးရကလည်း ပြုတ်မကျရအောင် အပေးအယူပြုရသည်။ ရာထူးခွဲဝေပေးရသည်။ အမတ်မင်းများကို အကြိုက်ပေး၍ မွေးရသည်။ မည်သည့်အမတ်မင်းအကြိုက်က မည်သည့်ဟာဖြစ်သည်ကို သိထားရသည်။ မဲဝယ်ရသည့်စရိတ်ကို ကာမိအောင် လာဘ်ယူခြင်း၊ လိုင်စင်၊ ရာထူးရောင်းခြင်း စသည်မှ ဘိန်းချခြင်းအထိ အစိုးရအဖွဲ့ဝင်များ၊ နောက်လိုက်များက လုပ်လာကြသည်။

ပြည်သူများ၏သဘောဆန္ဒ အရောင်ဟပ်ရမည့်လွှတ်တော်သည် ထိုသို့မဟပ်မူ၍ မဲအရောင်းအဝယ်ပြုရာ ဈေးကွက်ကြီး၊ လိုင်စင်၊ ရာထူး၊ အခွင့်အရေး မှောင်ခိုဈေးတန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သဖွယ်သာ ဖြစ်လာလေသည်။

ဒေါက်တာဘမော်သည် အယုံအကြည်မရှိအဆို အကြိမ်ကြိမ်တင်သွင်းသည်ကို အောင်မြင်စွာ ရင်ဆိုင်နိုင်ခဲ့ သည်။ သို့ရာတွင် လွှတ်တော်အတွင်းအပြင်၌ နိုင်ငံရေးလှိုင်း ဂယက်သည် တစ်နေ့တခြား ကြီးထွားပြင်းထန်လာသည်။

မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၃၈ ခုနှစ်သည် အမျိုးသားရေးဒီရေအတက် မြန်သောနှ 'အရေးတော်ပုံနှစ်' ဖြစ်ခဲ့သည်။ ထိုနှစ်တွင် ရေနံမြေအလု သမားများ သပိတ်မှောက်၍ ချောက်မှ ရန်ကုန်သို့ ချီတ ခဲ့ကြသည်။ လမ်းတစ်လျှောက်လုံး ပြည်သူတို့က သော သောင်းဖျဖျ အားပေးကြသည်။ သွားရောက်အားပေးသေ သခင်စိုး၊ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်း၊ ကိုဗဆွေတို့ အစိုးရကဖမ်းဆီးသည်။

ရန်ကုန်တွင် ကျောင်းသားများ စုဝေးဆန္ဒပြကြသည် ပုလိပ်များက ရိုက်နှက်၍လူစုခွဲရာ ကိုအောင်ကျော် သေ ရသည်။ သူ့ကို "ဗိုလ်အောင်ကျော်" ဟု ဗိုလ်ဘွဲ့အပ်နှင်း ကျောင်းသားပြည်သူက အာဇာနည် မြှောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတွင် လူထုစည်းဝေး၍ ချီတက်ဆန္ဒပြကြရာ စစ်ပုလိပ်တို့က သေနတ်နှင့်ပစ်ခတ်၍ လူစုခွဲသည်။ ရဟန်း၊ ကျောင်းသား၊ အရပ်သား အာဇာနည် ၁၇ ဦး ပေါ်ထွက်ခဲ့သည်။

'တစ်ပိုလ်ကျလျှင် တစ်ပိုလ်တက်မည်။

ပိုလ်ရွေးခံကြလော့ . . .'

ဟု အမျိုးသားစိတ်ထက်သန်သော လူငယ်များက ကြွေးကြော်ကြသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌကိုအောင်ဆန်းသည် ဗမာအစည်းအရုံးအဖွဲ့၏ အထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။ အစည်းအရုံးနှစ်ဖွဲ့လုံးသည် အရေးတော်ပုံတွင် ပါကြသည်။

တိုင်းပြည်တွင် အရေးအခင်းများသည်နှင့်အမျှ ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရကို ပြည်သူတို့က ဖြစ်တင်ရှုတ်ချကြသည်။ 'ညွန့်ပေါင်းအစိုးရ အလိုမရှိ' ဟူသော ကြွေးကြော်သံများ၊ 'ဘမော်-ဘဦးတို့က ရှုပ်သနော်၊ ပုဒ်မ ပုဒ်ထီးတို့ ထုတ်သော်' စသော သံပြိုင်များ၊ အရပ်ထဲတွင် ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဘမော်အားရည်စူး၍ ဆံပုံးတီးခြင်း၊ တောထုတ်ခြင်းများဖြင့် တိုင်းပြည်သည် လှုပ်ရှား ဆူညံလေသည်။

အခွင့်ကောင်းကို မြင်တတ်ယူတတ်သော ဦးစောသည် ၁၉၃၈ခုနှစ် မတ်လကပင် မျိုးချစ်ပါတီကို ထူထောင်၍ မိမိ ကိုယ်မိမိ ခေါင်းဆောင်ကြီး တင်မြှောက်ခဲ့၏။ ဂဠုန်တပ်ဖွဲ့ကို ထူထောင်ကာ မိမိကိုယ်ကိုမိမိ ဂဠုန်စစ်သူကြီး ခန့်အပ်ခဲ့၏။ ကျောင်းသားများကိုလည်း မြှူဆွယ်သည်။ လွှတ်တော်တွင် လည်း ဆူပူသည်။ ရန်ကုန်မြို့ ရွှေတိဂုံဘုရားခြေရင်း ဦးဘမို ဇရပ်တွင် ဒီဇင်ဘာလ ၁၂ ရက်နေ့၌ မျိုးချစ်အဖွဲ့ဝင်များ၊ ဂဠုန် တပ်ဖွဲ့ဝင်များနှင့်အတူ ကျောင်းသားများကို အားပေး စုဝေး ဆန္ဒပြသဖြင့် ခေတ္တမျှပင် အဖမ်းခံလိုက်ရသေး၏။

၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသော လွှတ် တော်အစည်းအဝေး၌ ထုံးစံအတိုင်း ဒေါက်တာဘမော် ခေါင်း ဆောင်သော ညွန့်ပေါင်းအစိုးရအပေါ် အယုံအကြည်မရှိအဆို တင်သွင်းကြသည်။ ဦးစောကပင် အဆိုတင်သည်။ အင်္ဂလိပ် ကုန်သည်ကြီးများ၏ အမတ်အုပ်စုသည် အစိုးရကိုကြိုးကိုင်နိုင် သည့်အင်အား ရှိ၏။ တစ်ဖက်နှင့်တစ်ဖက် အပြိုင်ရှိရာကို သူတို့



www.burmeseclassic.com

www.burmeseclassic.com

## ဂျွန်ဦးစောအ၏ နိုင်ငံရေးလှုပ်ရှားမှု

ဦးစောသည် သာယာဝတီနယ်ဇာတိဖြစ်ပြီး ပြည့်စုံ ကြွယ်ဝသောအခြေအနေ မဟုတ်ပါဘဲနှင့် နိုင်ငံရေးစင်မြင့် ပေါ်တွင် နန်းရင်းဝန်ရာထူးအထိ တက်လှမ်းနိုင်ခဲ့သူ ဖြစ်သည်။

ထိုအခါက မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် အင်္ဂလိပ် စာ တတ်ပေတတ်များသာ ထွန်းကားကြသည်။

ဘိလပ်ပြန် ဝတ်လုံများ၊ တက္ကသိုလ်ဘွဲ့ရများ၊ အင်္ဂလိပ် အပြောတတ်ရေးတတ်သူများသာ ထွန်းကားထင်ပေါ်နေသော အချိန်တွင် ခုနစ်တန်းပင် မအောင်၊ အောက်တန်းရှေ့နေလက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကိုသာ ရရှိထားသည့် ဦးစောသည် တွင်ကျယ်ရန် သာမန်အားဖြင့် မလွယ်ကူပေ။ နိုင်ငံရေးနယ်ပယ်တွင် အောင်မြင်ထွန်းပေါက်ရန်ကား မိုး၍ ခက်ခဲသည်။

သို့ရာတွင် . . .

ဦးစောသည် အလိုကြီးသည်။ လုံ့လ၊ ဝီရိယ၊ ဉာဏ်ရှိသည်။ အရှက်အကြောက် ကင်းသည်။ ဇက်ရဲလက်ရဲရှိသည်။ အခွင့်အရေးကို မြင်တတ်၊ ယူတတ်သည်။

အစဦးတွင် ဦးစောသည် နိုင်ငံရေးနယ်၌ ခြေကုပ်ရရှိရန် လမ်းအမျိုးမျိုး ရှာသည်။ သတင်းစာဆရာ လုပ်သည်။ သူရိယသတင်းစာနှင့် ဆက်သွယ်သည်။ သာယာဝတီခရိုင်ကောင်စီတွင် အရွေးခံရသည်။

ထို့နောက် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားများ၏ တော်လှန်ရေးတွင် ဂဠုန်ဦးစောဟု ဂဠုန်ဘွဲ့ခံကာ နာမည်ထွက်လာသည်။

ဦးစောသည် ဗြိတိသျှအစိုးရထံ အိတ်ဖွင့်ပေးစာ တစ်စောင်ရေး၍ ဆရာစံအရေးအခင်းတွင် အင်္ဂလိပ်အစိုးရ အရာရှိများ၊ စစ်တပ်များ၊ ပန်ချာပီပုလိပ်များက ရက်စက်ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြွတ်စွာ ဖိနှိပ်ကြသည်ဟု ကန့်ကွက်လေသည်။

ထိုစာကို ဖြန့်ဝေလေရာ ဗမာပြည်ရှိ အင်္ဂလိပ် အာဏာပိုင်တို့က မိတ်ပင်သဖြင့် ဂဠုန်စောဟူ၍ ကျော်စောဖို့ ဖန်တီးပေးသလိုဖြစ်ခဲ့သည်။

တောင်သူလယ်သမားတော်လှန်ရေးကို အမှီပြု၍ နိုင်ငံရေးနယ်တွင် ထင်ပေါ်လာသော အခြားတစ်ဦးမှာ ဒေါက်တာဘမော်ဖြစ်သည်။

သို့ရာတွင် . . .

ဦးစောက ဒေါက်တာဘမော်ကို မမှု။ အင်္ဂလိပ်စာတတ်မှ လူရာဝင်သောခေတ်တွင် ဦးစောသည် အင်္ဂလိပ်လိုရေးတတ်၊ ပြောတတ်အောင် သင်ယူလေ့ကျင့်သည်။ စာသံ၊ ပေသံနှင့် အသံချိုချို မပြောနိုင်စေကာမူ သဒ္ဒါမှန်မှန် ဗမာသံဖြင့် အင်္ဂလိပ်စကား ပြောနိုင်လာသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ရန်ကုန်တက္ကသိုလ်သမဂ္ဂကို ခေါင်းဆောင်ကြသောအချိန်လောက်၌ ဦးစောသည် သမဂ္ဂ၏ ဖိတ်ကြားစီစဉ်ပေးချက်အရ ဒေါက်တာဘမော်နှင့်ပင် အင်္ဂလိပ်လို စကားအချေအတင်ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၅ခုနှစ်တွင် ဦးစောသည် သူရိယသတင်းစာမှ သတင်းစာဆရာတစ်ဦးအဖြစ် ဂျပန်ပြည်ကို လှည့်လည်သည်။ နေရာတကာတွင် တခမ်းတနား ကြိုဆိုညှော့ခံလိုက်ကြသည်။

၁၉၃၆ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသောရွေးကောက်ပွဲများ၌ ဦးစောသည် ဟင်္သာတ (မြောက်) မဲဆန္ဒနယ်မှ အောက်လွှတ်တော်သို့ အရွေးခံရသည်။

၁၉၃၇ခုနှစ် ဧပြီလတွင် မြန်မာပြည်ကို အိန္ဒိယအင်ပါယာမှ ခွဲထုတ်၍ သီးခြားကိုလိုနီနိုင်ငံအဖြစ် ထူထောင်ကာ အောက်လွှတ်တော်၊ အထက်လွှတ်တော် နှစ်ရပ်နှင့် နန်းရင်းဝန်ဝန်ကြီးများနှင့် တဆောင်တယောင် ကိုယ်ပိုင်အုပ်ချုပ်ရေး အဆင့် ခပ်မြင့်မြင့်တွင် စမ်းသပ်ထားရှိသည်။

●

### အတိုက်အခံခေါင်းဆောင်ဦးစော

ဆရာစံအရေးတော်ပုံ၊ တွဲရေး-ခွဲရေးပြဿနာ စသည်တို့ကိုမှီ၍ ဦးစော၊ ဒေါက်တာဘမော်တို့ ကြီးပွားလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မဲပေးရာက နိုင်စေနိုင်၏။ အဆိုအချေကို နား‌ထောင်သော အင်္ဂလိပ်အုပ်စုခေါင်းဆောင်သည် ဤအကြိမ်၌ အလားအလာကိုကြည့်၍ ဒေါက်တာဘမော်ကို ထောက်ခံသင့်က ထောက်ခံကြောင်းပြောကြားရန် မိန့်ခွန်း၊ မထောက်ခံသင့်က မထောက်ခံကြောင်းပြောရန် မိန့်ခွန်း ဘောင်းဘီအိတ်ထောင်တွင် နှစ်မျိုးလုံး အသင့်ရှိခဲ့သည်။ နိုင်ငံငြိမ်အောင် မထိန်းနိုင်တော့သော ဒေါက်တာဘမော်ကိုတော့ စိတ်ကုန်သလို ရှိနေသည်။ ပြတ်သားသော ဦးစောကို မျက်စိကျသလို ရှိနေသည်။

အချေအတင်ဆွေးနွေးပြီးသောအခါ အင်္ဂလိပ်ကုန်သည်အုပ်စုက ညွန့်ပေါင်းအစိုးရကို အယုံအကြည်မရှိသည့်ဘက်မှ ပြောသည်။ မဲပေးသည်။ ထို့ကြောင့် အယုံအကြည်မရှိသည့်ဘက်မှ မဲ ၇၀၊ ညွန့်ပေါင်းအစိုးရဘက်မှ ၃၇ မဲဖြင့် အဆိုနိုင်လေသည်။ ဒေါက်တာဘမော်သည် နှစ်နှစ်နီးပါးမျှ နိုင်ငံရေးအာဏာကြီးတန်းလျှောက်ခဲ့ရာမှ ပြုတ်ကျရလေသည်။

ဦးပု နန်းရင်းဝန်လုပ်သည်။ ဦးစောက လယ်ယာနှင့် သစ်တောဌာနဝန်ကြီး ဖြစ်လာလေသည်။

ဝန်ကြီးဖြစ်ရုံနှင့် ဦးစောသည် တင်းတိမ်ရောင့်ရဲသည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ နန်းရင်းဝန် လုပ်ရဦးမည်။ ထို့ကြောင့် အစိုးရအဖွဲ့တွင်းမှ ဆရာရင်း ဦးဘဖေကို ဖြုတ်ချသည်။ မှိုချစ်ပါတီဝင်တို့ကို အစိုးရအဖွဲ့တွင်းသို့ သွင်းသည်။ အဖက်ဖက်တွင် စည်းရုံးသည်။ မဲဖြင့် အင်အားစုသည်။

အသင့်ဖြစ်လာသော ၁၉၄၀ ခုနှစ် စက်တင်ဘာလ၏ တစ်နေ့တွင် ဦးစောသည် အစိုးရအဖွဲ့ကို အယုံအကြည်မရှိကြောင်း တစ်ဖက်လှည့်၍ အဆိုတင်သွင်းပြီး လျှင် အစိုးရအဖွဲ့မှ နုတ်ထွက်သည်။ နာရီဝက်အတွင်းမှာပင် အယုံအကြည်မရှိအဆိုကို ထောက်ခံမဲပေးသည်။ ဦးပုအစိုးရ ပြုတ်ကျသောအခါ ဦးစောသည် နန်းရင်းဝန် ဖြစ်လာသည်။

သာယာဝတီနယ်ဘက်မှ အညတရဦးစောသည် နန်းရင်းဝန်ကြီး ဂဠုန်ဦးစော ဖြစ်ပြီ။ ဘီလပ်ပြန် ဝတ်လုံကြီးတွေ ဖြစ်ကြသော ဒေါက်တာဘမော်၊ ဦးပုတို့ကိုလည်း နိုင်ခဲ့ပြီ။ လက်ဟောင်းနိုင်ငံရေးသမားကြီး ဦးဘဖေကိုလည်း ဖြုတ်ခဲ့ပြီ။ အတိုက်အခံဟူသမျှကို ဖြိုခွင်း၍ မင်းမူရန်သာ ရှိတော့သည်။ ထို့ကြောင့် ဒေါက်တာဘမော်၊ ဦးဘဖေ၊ ဦးဘဦး၊ ဦးဘဝင်း၊ ဦးဘသီ စသူ တို့ကို ဖမ်းဆီးစေသည်။ နာမည်တွင် 'ဘ' ပါသမျှ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးသမားကို ဦးစောက မကြိုက်ဟု နိုင်ငံရေးပြက်လုံး ထုတ်စရာ ဖြစ်ခဲ့လေသည်။ သခင်ခေါင်းဆောင် လူငယ်လူကြီး များကိုလည်း နှိမ်သည်။ ဖမ်းတန်ဖမ်း၊ တပည့်တပန်းများအား ဓါးရင်းတုတ်ဖြင့် ရိုက်စေသင့်သူကိုရိုက်၊ ငြိမ်ဝပ်ပိပြားရေးကို ခိုင်နိုင်ပြတ်သားစွာ ကိုင်တွယ်သည့် ဦးစောကို အဂ်လိပ် ဘုန်သည်ကြီးများ၊ အစိုးရအရာရှိကြီးများက ကြိုက်ကြသည်။

●

## ဦးစော၏စရိုက်

ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ဦးစောကို တစ်ခါ နှစ်ခါ တွေ့၍အကဲခတ်ရာ ဦးစော၏ စရိုက်ကြမ်းခြင်း၊ အကြမ်းဖက် တတ်ခြင်းကို မြင်ရသည်။ သို့ရာတွင် ဦးစောသည် ယောကျ်ား ပီသသည်။ ပွင့်လင်းဖော်ရွေ၍ ခင်မင်တတ်သည်ဟုလည်း ထင် မြင်သည်။ ဦးစောကလည်း ဘုရင်ခံကို ဟန်ပန်မကြီး၊ သဘာဝ ချသူဟု တွေ့သဖြင့် အဆင်ပြေသည်။

တစ်နေ့ . . . ဘုရင်ခံထံ ဦးစော လာရောက် တွေ့ဆွေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြန်ခါနီး၌ ဘုရင်ခံက . . .

"နန်းရင်းဝန် . . . ခင်ဗျား မန္တလေးကရာထူးတစ်

အတွက် ငွေတစ်သောင်းယူတယ် ဆိုပါလား"

ဟု မေးလိုက်သည်။ ဦးစောက မခံမရပ်နိုင်ဖြစ်

ဟန်ဖြင့် . . .

"ဘုရင်ခံ . . . ကျွန်တော် ရာထူးတွေရောင်းစား

တယ် ဆိုချင်သလား"

ဟု မေးခွန်းကို မေးခွန်းဖြင့်ဖြေ၏။ ဘုရင်ခံက . .

"မဆိုလိုပါဘူး . . . ဒါပေမဲ့ ဒီရာထူးအတွက်ကို

ငွေတစ်သောင်းတောင်းတယ် ကြားလို့ပါ"

ဟုပြောရာ "မဟုတ်ပါဘူး" ဟု ဦးစောက ငြင်းသည်

"ဒါဖြင့် ဘယ်လောက်တောင်းသလဲ"

ဘုရင်ခံက အလျှော့မပေး မေးမြန်းရာ ဦးစောက . .

"ငွေတစ်သောင်းငါးထောင်ပါ . . . ဟဲ ဟဲ . .

နောက် မလုပ်တော့ပါဘူး"

ဟု ဆိုလေသည်။

အထွေထွေရှေ့ကောက်ပွဲ ကျင်းပရန်အချိန် နီးကပ်လ



www.burmeseclassic.com

www.burmeseclassic.com



သာအခါ ဦးစောနှင့်ဆာဒေါ်မန်စမစ် စကားဆို အပေးအယူ ကြသည်။ ဘုရင်ခံက ကိုယ်ပိုင်အာဏာကို သုံးစွဲ၍ စစ်ရိပ် ်ငွေ့သန်းနေသည့်အခြေအနေကို အကြောင်းပြကာ ရွေး ကောက်ပွဲများကို ရွှေ့ဆိုင်းပေးသည်။ နန်းရင်းဝန်ဦးစောက ည်း ဘုရင်ခံကို အစွမ်းကုန် ကူညီပူးပေါင်းဆောင်ရွက်ပါ ည်ဟု ကတိပြုလေသည်။

●

## နန်းရင်းဝန်ဦးစော

ဦးစောသည် နန်းရင်းဝန်ဖြစ်လာသောအခါ အင်္ဂလိပ် ုရင်ခံ အရာရှိကြီးများ၊ ကုန်သည်ကြီးများနှင့်သာ သင့်မြတ်စွာ ါင်းသည် မဟုတ်။ စစ်အရိပ်အခြည်ကိုကြည့်၍ ဂျပန်နှင့် ည်း ဆက်သွယ်ရန် ပါစ်ဖက်တွင် ကမ်းလှမ်းသည်။

မီနာမီအဖွဲ့ကို ခေါင်းဆောင်မည့် ကာနယ်ဆူဇူကီး ည် စုံစမ်းထောက်လှမ်းရန် ရန်ကုန်မြို့သို့ သတင်းစာဆရာ စ်ဦးအသွင်ဖြင့် ထိုစဉ်က ရောက်ရှိခဲ့၏။ နိုင်ငံရေးပါတီများ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို လေ့လာ၍ တွေ့ဆုံနိုင်သူတို့ကို တွေ့ဆုံခဲ့ရာ ဦးစောကလည်း ခေါ်၍တွေ့ခဲ့၏။

ဦးစောက "ဗမာ့လွှတ်လပ်ရေးတိုက်ပွဲအတွက် ဂျပန် ပြည်မှ စစ်ကူရနိုင်မည်လား" ဟု တည့်တည့်မေး၏။ ဆူဇူကီးက "ဘယ်လိုအကူအညီများလဲ" ဟုမေးရာ ဦးစောက လက်နက် ပစ္စည်း၊ ငွေအလုံးအရင်းနှင့် လိုမည်တို့ကို ဈေးဆိုသည်။ ဆူဇူ ကီးက သူနှင့်မဆိုင်ပါ။ ရန်ကုန်ရှိ ဂျပန်ကောင်စစ်ဝန်နှင့် ပြော လိုကပြောပါဟု ဆိုကာ နောက်ဆုတ်ခဲ့ရသည်။ ထိုသို့ ဆူဇူကီးက ဗိုလ်မိုးကြိုးဖြစ်လာပြီးသောအခါ ပြောပြလေသည်။

၁၉၄၁ ခုနှစ်နောက်ပိုင်းသို့ ရောက်သောအခါ ဦးစော သည် ထူးထူးခြားခြား လုပ်ပြချင်လာသည်။ ပြည်သူတို့သည် စစ်ကိုမျှော်ကြပြီ။ လွှတ်တော်တွင် ပြောကြတာတွေ၊ အဆိုတင် သွင်းကြတာတွေကို စိတ်မဝင်စားကြတော့ပြီ။

ဦးစောသည် မျိုးချစ်ပါတီခေါင်းဆောင်ကြီး၊ ဂျူနီ စ သူကြီး၊ နန်းရင်းဝန်ကြီးအဖြစ် အမျိုးမျိုးထွင်ပါ၏။ ရှေး များလုပ်ထုံးကို ကူးယူ၍ လယ်ထွန်မင်္ဂလာပင် ဆင်ခဲ့ပါ၏ သို့ရာတွင် ပြည်သူတို့ စိတ်မဝင်စားကြပေ။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးသံ ဤမျှညံနေချိန်တွင် လန်ဒန်သွား၍ နန်းရင်းဝန်မစ္စတာချာချီနှင့် မြန်မာပြည်အတွက် အရေးဆိုလို ပါသည်ဟု ဦးစောက ဆာဒေါမန်စမစ်ကို ပြောသည်။ ဘုရင်ခံ က လန်ဒန်သို့အကြောင်းကြားကာ ဦးစောအား ဖိတ်ကြားစာ ယူပေးသည်။ ၁၉၄၁ခုနှစ် စက်တင်ဘာလတွင် ဦးစောသည် အတွင်းဝန်ဦးတင်ထွန်းကိုခေါ်၍ လန်ဒန်သို့ ထွက်ခွာသွားသည်။

ထိုအချိန်တွင် ရဲဘော်သုံးကျိပ်သည် ဟိုင်နန်ကျွန်းတွင် ပင် ရှိနေကြသေးသည်။ မြန်မာပြည်သို့ပြန်ရန် အသင့်ပြင်နေကြ သည်။ ဂျပန်ကလည်း စစ်ထဲသို့ ခြေစုံပစ်၍ မဝင်သေး။ သံ တမန်ဆက်သွယ်ရေး ပရိယာယ်အမျိုးမျိုးဖြင့် အချိန်ဆွဲ၍ အခါ ကောင်းကိုစောင့်နေသည်။

လန်ဒန်တွင် ဦးစောသည် လိုရာကတိစကားကို မရ။ ချာချီက လက်ငင်းအရေးသည် စစ်နိုင်ရေးဖြစ်သည်။ စစ်ပြီး သောအခါ မြန်မာပြည်ကိစ္စကို ပြေလည်အောင် ဆောင်ရွက် ပေးမည်၊ မြန်မာ့ရေးရေးသည် ဗြိတိန်စစ်နိုင်ရေးအပေါ်၌ တည် နေသည်ဟု တိုတိုပြတ်ပြတ်ပြော၏။

“ဗြိတိသျှလက်အောက်မှာ ဗမာတွေနေရတာ သိပေါ



www.burmeseclassic.com

www.burmeseclassic.com



လက်အောက် နေရတာထက် ချမ်းမြေ့တယ်မဟုတ်လား”

ဟုလည်း ဘုကျကျမေး၏။ ဦးစောကလည်း အလျှော့မပေး။

“နန်းရင်းဝန်ကြီး . . . ခင်ဗျားတို့ဗြိတိန်နိုင်ငံကို နာဇီတွေ လာပြီးအုပ်စိုးရင် ခင်ဗျား ဘယ်လိုနေမလဲ၊ ကျွန်တော်တို့လည်း အဲဒီလိုနေမှာပဲလို့ ကိုယ်ချင်းစာကြည့်ပါ”

ဟု ပြန်ပြောရာ ချာချီက ဆေးပြင်းလိပ်ကြီးကိုခဲ၍ မတုန်မလှုပ်နေလေသည်။

●

## ဦးစော အပယ်ခံရပြန်ပြီ

ဦးစောသည် လန်ဒန်မှအပြန် အမေရိကန်နိုင်ငံသို့ ဝင်၏။ ထိုမှ ခရီးဆက်မည်အပြုတွင် စစ်နှင့် ဝင်၍တိုးရ၏။

ပစိဖိတ်သမုဒ္ဒရာနှင့် ဂျပန်နိုင်ငံကိုဖြတ်၍ မြန်မာပြည်သို့ပြန်ရန် မလွယ်တော့သဖြင့် ဦးစောသည် ဥရောပတိုက်သို့ လှည့်၏။



www.burmeseclassic.com

www.burmeseclassic.com


'လယ်စဘွန်း' မြို့တွင် ခရီးတစ်ထောက်အနား၌ ဦးစောသည် ဂျပန်သံရုံးသို့ သွားရောက်ဆယ်သွယ်သည်။ ထို့ကြောင့် ဦးစော ခရီးအဆက် ပါလက်စတိုင်း (ယခု အစ္စရေး) နိုင်ငံ တိုင်ဖားမြို့လေဆိပ်၌ အင်္ဂလိပ်တို့က ထိန်းသိမ်းလိုက်ကြသည်။ ထိုသို့ ထိန်းသိမ်းကြောင်းကို တစ်လကျော်မျှ ချိုဝှက်၍ထား၏။

၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့စွဲဖြင့် အင်္ဂလိပ်အစိုးရက ဦးစောကို ထိန်းသိမ်းလိုက်ကြောင်း၊ မြန်မာပြည်သို့ ပြန်ခွင့်မပြုကြောင်း ကြေညာသောအခါ ရန်ကုန်မြို့၌ ထူးခြားစွာ တုန်လှုပ်ခြင်းမရှိ။ ဦးစောကျ၍ ဆာပေါ်ထွန်းတက်သည်သာ ရှိသည်။ အင်္ဂလိပ်အစိုးရက ဘယ်သူ့ကို နန်းရင်းဝန်ခန့်ခန့် အကြောင်းထူးသည့်အခြေအနေ မရှိတော့ပြီ။ ဘုရင်ခံ ဆာဒေါ်မန်စမစ်ပင်လျှင် ပြေးဖို့အထုပ်အပိုး ပြင်နေရပြီ။

ပြည်သူများက ဗမာ့လွတ်လပ်ရေးတပ်မတော်ကို မျှော်ကြသည်။ တပ်မတော်နှင့်အတူ မြင်ကွန်းမင်းဆက်ဆိုလား၊ ဗိုလ်မိုးကြိုးပါလာသည်ဟူသောစကားများတွင် စိတ်ဝင်စားကြသည်။ စစ်ဘေးစစ်ဒဏ်လွတ်အောင်လည်း ရှောင်ရှားပြေးလွှားရသည်။

●


www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်

ဦးစောအား ဟိုင်ဖားမြို့တွင် ထိန်းသိမ်းလိုက်သည့် အချိန်၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ဝင်များ၊ ကာ နယ်ဆူဇူကီးနှင့် မိနာမီအဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ဝင်ရ စုဝေးပြင်ဆင်လျက် ရှိကြလေသည်။ ဂျပန်သံရုံးသို့ ဦးစေ လာရောက်စကားကမ်းလှမ်းကြောင်းကို တိုကျိုစစ်ဌာနချုပ်က ကာနယ်ဆူဇူကီးထံ ကြေးနန်းရိုက်ပြောကြားကြောင်း၊ ဆူဇူကီး က ဦးစော၏အကူအညီ မလိုပါဟု ပြန်ကြားလိုက်သည်။

ထိုအချိန်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဘန် ကောက်မြို့တွင် ဖွဲ့ပြီးလေပြီ။ ရဲဘော်သုံးကျိပ်တို့ ဗိုလ်ဘွဲ့ ခံယူ ပြီးကြပြီ။ ကာနယ်ဆူဇူကီးသည် ဗိုလ်မိုးကြိုးဖြစ်နေပြီ။ တပ် တော်သည် စစ်ကြောင်းကြီးသုံးကြောင်းဖြင့် မြန်မာပြည်သို့ဝ ရန် အသင့်ဖြစ်နေပြီ။ ဗိုလ်နေဝင်းခေါင်းဆောင်သော အ တစ်ဖွဲ့သည် ဘန်ကောက်မှ တောတောင်မြစ်ချောင်းတို့ဖြ ၍ ရန်ကုန်သို့ ချီလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးစောသည် စစ်ကာလအတွင်း ယူဂန်ဒါ ပြည်တွင် အကျယ်ချုပ်နှင့်နေခဲ့ရ၏။ မြန်မာပြည်တွင် ပြည်သူတို့ ခံစား တွေ့ကြုံရပုံ၊ သွေးစည်းညီညွတ်ကြပုံ၊ တပ်မတော်နှင့်ပြည်သူတို့ တစ်သားတည်းဖြစ်လာပုံ၊ ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူ တို့၏ ယုံကြည်အားထားရာနှင့် မျှော်လင့်ချက်ဖြစ်လာပုံတို့ကို ဦးစော မတွေ့မမြင်လိုက်ရပေ။

●

## မြန်မာ့လွတ်လပ်ရေးအတွက်
## ဂျပန်ကို ပြန်ပြီးတော်လှန်သော ဗိုလ်ချုပ်အောင်ဆန်း

၁၉၄၅ခုနှစ်၊ မတ်လ ၂၇ရက်နေ့တွင် ဂျပန်တပ်များကို ဗမာ့တပ်မတော်ပြောက်ကျားများ၊ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ ဝင်များနှင့် ပြည်သူတို့က တော်လှန်တိုက်ခိုက်ကြသည်။

ဂျပန်တို့သည် အင်အားမသေး။ မာန်မလျှော့၊ အရှုံး မပေး။ အင်္ဂလိပ်တပ်များက မြောက်ပိုင်းမှ အလုံးအရင်းနှင့် ထိုးဝင်လာပြီ ဖြစ်၏။ သို့ရာတွင် ဂျပန်တပ်များကလည်း အဆင့်



www.burmeseclassic.com

www.burmeseclassic.com



ဆင့် ခံစစ်ဆင်ရန် အသင့်ရှိနေကြသည်။ ဗမာ့တော်လှန်ရေး ကြောင့် ဂျပန်တပ်များ ကစဉ့်ကလျားဖြစ်ရသည်။ ဂျပန်တို့ စိတ်ဓာတ်ကျသည်။

မြစ်ဝကျွန်းပေါ်မြို့ကြီးများနှင့် ရန်ကုန်မြို့ကိုဆိုလျှင် ဗမာ့တော်လှန်ရေးတပ်များက ဝင်ရောက်ထိန်းသိမ်းထားပြီးမှ အင်္ဂလိပ်တို့ ရောက်လာကြသည်။ ရောက်လျှင်လည်း မြို့ပြင်က မယုံတယုံ၊ မရဲတရဲနှင့်။ တစ်ခါ တစ်ခါ ဗမာ့တပ်မတော်က သွား၍ပင် 'ဘေးရန်ရှင်းပါပြီ၊ ဝင်ခဲ့ပါ' ဟု ဖိတ်ခေါ်ခဲ့ရသည်။

တော်လှန်ရေးကြောင့် ဂျပန်တို့သည် ပြည်သူကို မနှိပ်စက်၊ ရပ်ရွာဘုရားတန်ဆောင်းကို မီးရှို့ဖျက်ဆီးခြင်း မပြုဘဲ ဆုတ်ခွာကြ၏။ ဗမာ့တပ်မတော်က ဦးစွာ ဝင်ရောက်ထိန်းသိမ်း နိုင်သောကြောင့် မြို့ကြီးများကို မဟာမိတ်တို့က ဗုံးကြဲခြင်း၊ အမြောက်ဖြင့် ပစ်ခတ်ချေမှုန်းခြင်း မပြု။ ထို့ကြောင့် တော်လှန် ရေးကြောင့် မြို့ရွာပြည်သူ ချမ်းသာကြရသည်။ တစ်ဖက်တွင် လည်း တော်လှန်ရေးရဲဘော်များကို ခိုလှုံစေသောရွာများကို ဂျပန်တို့က မီးရှို့ကြသည်။ ရွာသူရွာသားများကို သတ်ဖြတ် ညှဉ်းပန်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန်သောရလဒ်တစ်ခုကား တော်လှန်ရေးအလံအောက်တွင် မြန်မာတစ်မျိုးသားလုံး စည်းရုံးခဲ့မိခြင်း ဖြစ်ပေသည်။ တော်လှန်ရေး၏ အဓိကပန်းတိုင်သည် ဂျပန်ကို တိုက်ခိုက်ရန်မျှသာမဟုတ်။ တစ်မျိုးသားလုံး စည်းရုံး၍ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးရသည်အထိ ဆက်လက်ချီတက်ရန် ဖြစ်လေသည်။

●

## ဗိုလ်ချုပ်နှင့်ပြည်သူ

ဗိုလ်ချုပ်အောင်ဆန်းသည် ခေါင်းဆောင်ကောင်း၏ အင်္ဂါရပ်တို့နှင့် ပြည့်စုံ၏။ အသက်သုံးဆယ်၊ လူက ငယ်သော်လည်း အရည်အချင်းကြွယ်ဝ၏။ ထို့ကြောင့်အတွက် သူ့လို ခေါင်းဆောင် သူသာရှိခဲ့သည်။

တော်လှန်ရေးကို အောင်မြင်စွာ ခေါင်းဆောင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ခေါင်းဆောင်မှ အမျိုးသားခေါင်းဆောင် ဖြစ်လာသည်။ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့သည် ဖက်



www.burmeseclassic.com

www.burmeseclassic.com



ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဖဆပလ) အမျိုးသားနိုင်ငံရေးအင်အားစုကြီး ဖြစ်လာသည်။ ပြည်သူ၊ ဖဆပလ၊ ဗိုလ်ချုပ်အောင်ဆန်း ခွဲခြားမရ၊ တစ်သားတည်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏နေရာ လိုချင်သူတွေကတော့ မရှားပါ။ လက်ဝဲသမား ခေါင်းဆောင်လူငယ်များထဲကလည်း လိုချင်ကြသည်။ ဗိုလ်ချုပ်က ဗမာ့တပ်မတော်ကို ဆက်လက်တာဝန်ယူပါ။ နိုင်ငံတွင်းသို့ ဖိတ်ခေါ် ထားသော နိုင်ငံရေးသမား လက်ဟောင်းကြီးအချို့ကလည်း ဗိုလ်ချုပ်ငယ်ပါသေးသည်။ သူတို့လို အတွေ့အကြုံမပြည့်ဝသေး။ သူတို့က ခေါင်းဆောင်ပါမည်။ ဗိုလ်ချုပ်တို့က ပြည်သူကိုစည်းရုံး၍ နောက်ပိုင်းက အားပေးကြပါဟု ဆိုကြသည်။

သို့ရာတွင် အမျိုးသားခေါင်းဆောင်အဖြစ် ပြည်သူက လက်ခံနိုင်သူမှာ ဗိုလ်ချုပ်အောင်ဆန်း တစ်ဦးတည်း။ အသက်ကြီး၊ အတွေ့အကြုံများရှိမှုနှင့်လည်း ပြည်သူ့ထောက်ခံရေးကို မရနိုင်၊ အတွေ့အကြုံများသော စားဖားကြီးများကိုလည်း ပြည်သူတို့က လက်မခံတော့ပြီ။

●



www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်ကိုအထင်သေးသော ဆာဒေါ်မန်စမစ်

ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် စစ်အတွင်း သုံးမိုးလုံး အိန္ဒိယနိုင်ငံတွင် ခိုအောင်းနေခဲ့ရာမှ ရန်ကုန်သို့ အမြီးကိုဆောင်၍ ပြန်လာသည်။ သူနှင့်အတူ အင်္ဂလန်မှ ဗြိတိသျှအစိုးရက ဆုတ်ပြန်ခဲ့သော မြန်မာနိုင်ငံအတွက် စက္ကူဖြူစာတမ်း ပါလာသည်။

မြန်မာပြည်ကို ပြန်လည်ထူထောင်ရေးကာလတွင် ဘုရင်ခံ ကိုယ်ပိုင်အာဏာဖြင့် အုပ်ချုပ်မည်။ ကိုယ်ပိုင်အာဏာဆိုသော်လည်း တစ်ယောက်တည်းသုံးစွဲမည် မဟုတ်ပါ။ အမှုဆောင်ကောင်စီတို့ ဥပဒေပြုကောင်စီတို့ကို ခန့်ထားပါမည်။ ဝင်ကြပါဟု ဖိတ်ခေါ်သည်။

ဗမာ့လွတ်လပ်ရေးတိုက်ပွဲ ပြီးဆုံးပါပြီဟု ဆာဒေါ်မန်စမစ်က ဆိုသည်။ အတူတွဲ၍ ထူထောင်ရေးလုပ်ငန်းများကို ကြပါစို့ဟု ခေါ်သည်။

အိန္ဒိယနိုင်ငံမှပါလာသော ဆာပေါ်ထွန်း စသော နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ရေးသမားကြီးများက ဗိုလ်ချုပ်အောင်ဆန်းကို သခင်ပေါက်စ တစ်ဦးဟုသာ မြင်သည်။ ရာထူးပေးလျှင် ကိစ္စအေးမည်။ ရာထူး နှင့်ချော့၍ မရလျှင် အာဏာနှင့်ခြောက်မည်။ ထိုရှေးဟောင်း နိုင်ငံရေးလက်သုံး ဆေးကျော်ကြီးကို မှီဝဲလျှင် ရောဂါဟူသမျှ ပျောက်ကင်းသည်။ ထိုသို့ ဆာဒေါ်မန်စမစ်ကို အကြံဉာဏ်ပေး ကြ၏။

နိုင်ငံရေးသမား လက်ဟောင်းကြီးများ၊ အိန္ဒိယမြန် နိုင်ငံရေးသမားကြီးများ၊ အတွင်းမှ အပြိုင်ပြုသော ကွန်မြူနစ် ခေါင်းဆောင်များ၊ လက်ယာသမားများ၊ အစိုးရအရာရှိကြီး များ၊ ကုန်သည်ကြီးများ၊ ထိုအတိုက်အခံအင်အားစုတို့သည် ပြည်သူ့အင်အားထုကြီးကို အန်တုခြင်း မပြုနိုင်ချေ။ ဗိုလ်ချုပ် အောင်ဆန်းကို အန်တုခြင်းမပြုနိုင်ချေ။

ပြည်သူတို့ စည်းလုံးညီညွတ်ခြင်းနှင့် ခေါင်းဆောင်မှုမှန် ကန်ခြင်း ပေါင်းစပ်ထားသည်ဖြစ်ရာ မပြိုမပျက်နိုင်သော အင် အားနှင့် ရန်အပေါင်းကို အောင်နိုင်သောတန်ခိုးသတ္တိတို့ဖြင့် ပြည့်ဝနေ၏။

ဘုရင်ခံဆာဒေါ်မန်စမစ်သည် ဗိုလ်ချုပ်အား ရာထူးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရ၍မရသောအခါ အမျိုးမျိုးကြံပါသေး၏။ သူတို့၏ အမှု
ဆောင်ကောင်စီတွင် ရနိုင်သမျှသော နိုင်ငံရေးသမား လက်
ကောင်းများကို ထည့်သွင်းသည်။ 'သခင်' နာမည် တစ်ခါတပ်
ခင်ဖူးသူအချို့ကိုလည်း ရှာဖွေ၍ထည့်သည်။ ဂျပန်ပြန် သခင်
တစ်ဦးကိုလည်းထည့်သည်။

ဥပဒေပြုကောင်စီတွင် အမှုဆောင် ဝန်ကြီးတစ်ဦးက

"ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့လွတ်လပ်ရေးတပ်
တော်နှင့် ချီတက်စဉ်က စစ်မြေပြင်တွင် တရားစီရင်၍ လူ
တစ်ဦးကို ကွပ်မျက်ခဲ့ဖူးသည်"

ဟု စွပ်စွဲ၏။

ဗိုလ်ချုပ်က တပ်မတော်က ကျူးလွန်မှုများ နည်းပါး
သမျှနည်းပါစေအောင် အထူးကြိုးစားခဲ့သည်။ သူကိုယ်တိုင်
ည်း တကယ့်တရားသဘော၊ ဥပဒေသဘောဖြင့် မှုတမှန်
န်သည်ကိုသာ တစ်သမတ်တည်း ပြုလုပ်ခဲ့သည်။ ငြိမ်ဝပ်ပိ
ရေးအတွက် စစ်မြေပြင်တွင် လျင်မြန်လွယ်ကူသောနည်း
ဖြင့် စစ်ဆေးစီရင်ခဲ့ရသည်လည်း ရှိသည်။ ဗြိတိသျှတပ်များ
သည်း ကျူးလွန်ခြင်းများ ကင်းသလော။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မိမိလုပ်ဆောင်ခဲ့သမျှအတွက် လုံးဝတာဝ
ယူသည်။ သမာသမတ် ခုံ အဖွဲ့ဖြင့် နိုင်ငံရေးစွပ်စွဲချက်ဟူသမျှ
ရင်ဆိုင်အစစ်ခံရဲသည်ဟု ချေပခဲ့လေသည်။

နိုင်ငံရေးအတိုက်အခံများက မည်သို့ပင် ဗိုလ်ချု
အောင်ဆန်းကို တိုက်ခိုက်စေ၊ ဗိုလ်ချုပ်အပေါ် ပြည်သူက ထား
သော မေတ္တာနှင့်ယုံကြည်မှုကား လျော့ပါး၍မသွား။ တိုး၍သ
လာသည်။ မှတ်မိနိုင်သမျှသော ဗမာ့ရာဇဝင်တွင် ဤသို့သေ
စည်းလုံးညီညွတ်ခြင်းနှင့် ဤသို့သောခေါင်းဆောင်ကို မ
ရဖူးပေ။

●

## ဗိုလ်ချုပ်နှင့်ဦးစော

ဘုရင်ခံသည် ဦးစောကို ယူဂန်ဒါမှထုတ်လာကာ ဗ
နိုင်ငံရေးနယ်အတွင်းသို့ လွှတ်ပေးသည်။ ဦးစောသည် နှ
ဝန်ဟန်ပန်လေသံ မလျော့။ သူမရှိတုန်း ပေါ်ပေါက်လာသ
ဗမာပြည်သစ်ကို သူမသိ။ (၄၄)နှစ် အရွယ်ရှိဦးစောက (၃



www.burmeseclassic.com

www.burmeseclassic.com



ကျော် ဗိုလ်ချုပ်အောင်ဆန်းကို သခင်ပေါက်စတစ်ယောက် လောက်သာ မြင်ချင်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးအင်အားဟူသမျှ ကို စည်းလုံးစေ၍ စေတနာဖြင့် ဦးစောနေအိမ်သို့ သွား ရောက်တွေ့ဆုံခဲ့သေးသည်။ ဦးစောက အင်္ဂလိပ်အရာရှိကြီး များနှင့် စကားပြော၍ တဟားဟားရယ်မောကာ ဗိုလ်ချုပ်ကို စောင့်နေစေခဲ့သည်။ ဗိုလ်ချုပ်က သည်းခံ၏။ အပြုံးမပျက်။

တစ်ခါလည်း . . .

ဦးစောက ဗိုလ်ချုပ်အောင်ဆန်း၏ တာဝါလိန်းလမ်း နေအိမ်သို့ လာရောက်သည်။ တွေ့ဆုံပြီးကြလျှင် ဗိုလ်ချုပ်က ဦးစောအား လေးလေးစားစားနှင့် မော်တော်ကား ဆီအရောက် လိုက်ပို့သည်။ ကားတံခါးကို ဖွင့်ပေးသည်။ ဦးစောမှာမူ သုန် သုန်မှုန်မှုန်။

●



www.burmeseclassic.com

www.burmeseclassic.com



## ပြောင်းလဲသွားသောနိုင်ငံရေးအခြေအနေ

၁၉၄၆ခုနှစ် ဇွန်လတွင် ဘုရင်ခံဆာဒေါ်မန်စမစ် ဝမ်းနာခေါင်းခဲဖြစ်၍ အင်္ဂလန်သို့ပြန်သည်။ သူ့သဘောကမှ မဆိုက်ခင် ဝန်ကြီးချုပ် အက်တလီ က လော့မောင့်ဘတ်တန် နှင့် တိုင်ပင်၍ မြန်မာပြည်သို့ မေဂျာဂျင်နရယ် ဆာဟူးဘတ်ရန့် ကို ဘုရင်ခံသစ်အဖြစ် စေလွှတ်ဖို့ ဆုံးဖြတ်လိုက်လေသည်။

ဘုရင်ခံသစ်က ရန်ကုန်သို့ရောက်လျှင်ပင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ဆုံ၍ အမှုဆောင်အဖွဲ့သစ်ကို ဖွဲ့စည်းခေါင်းဆောင်ရန် ဖိတ်ခေါ်၏။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဘုရင်ခံ အမှုဆောင်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဖြစ်လာလေသည်။ ထိုသို့ခေါ်ဝေါ်သော်လည်း အမှန်အားဖြင့် ဝန်ကြီးအဖွဲ့၏ခေါင်းဆောင် သို့မဟုတ် ဝန်ကြီးချုပ်ပင် ဖြစ်၏။

အစိုးရအဖွဲ့တွင် ဦးစော၊ သခင်ဗစိန်၊ စောဘဦးကြီး တို့ကိုလည်း ဘုရင်ခံက ထည့်သွင်းသည်။ ကွန်မြူနစ်ပါတီမှ ဦးသိန်းဖေ(မြင့်) ကို ဖဆပလက ထည့်သွင်းသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## လုပ်ကြံရခြင်း၏အခြေခံအကြောင်းအရာ

ဦးစောသည် ခေါင်းဆောင်ကြီးသာ လုပ်လိုသည်။ ခေါင်းဆောင်ကြီးဖြစ်ရန် အမျိုးမျိုးကြိုးစားခဲ့သော်လည်း မအောင်မြင်၍သာ ဝန်ကြီးတစ်ဦးအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်၏။ ကျေနပ်သည်ကား မဟုတ်။ ဝန်ကြီးဖြစ်မည့် စက်တင်ဘာလအတွင်းကပင် ဦးစော ကားနှင့်အသွား၊ အမည်မသိသူတို့က အနားမှကပ်၍ သေနတ်နှင့်ပစ်ခတ်ကြလေသည်။ မှန်ကွဲထိ၀င်သဖြင့် ဦးစောမျက်စိတွင် ဒဏ်ရာအနည်းငယ် ရရှိခဲ့၏။ အလိုမပြည့်သော ဦးစောတွင် အနာရခဲ့ပြီ။

ဗိုလ်ချုပ်အောင်ဆန်းက အကြမ်းဖက်ခြင်း၊ အနိုင့်အထက်ပြုခြင်းကို နှစ်မြို့သူမဟုတ်။ ဦးစောအား မုန်းတီးသူတွေလည်း အနန္တ။ သို့ရာတွင် ဦးစော မကြည်ဖြူသည်က ဗိုလ်ချုပ်အောင်ဆန်း။ ဗိုလ်ချုပ်ရှိနေ၍ သူ ခေါင်းဆောင်ကြီးမဖြစ်ရသည် မဟုတ်လော။

၁၉၄၆ခုနှစ် ဒီဇင်ဘာလတွင် ဗြိတိသျှအစိုးရ... ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာအဖွဲ့ လန်ဒန်သို့ လာရောက်ဆွေးနွေးရန် ဖိတ်ခေါ်လေသည်။ ပါလီမန်တွင်လည်း မစ္စတာအက်တလီက မြန်မာပြည်အား လွတ်လပ်ရေးပေးပါမည်။ နေသဟာယနိုင်ငံများနှင့် ဆက်လက်၍ နေလိုနေ၊ ထွက်လိုထွက်၊ ဗမာပြည်သူများ၏ဆန္ဒအတိုင်း ဖြစ်စေပါမည်ဟု ကတိပြုလေသည်။

●

## အောင်ဆန်းအက်တလီစာချုပ်နှင့်ဦးစော

ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးသည် သူတောင်းစား၏ခွက်ထဲသို့ ကရုဏာနှင့် စွန့်ကြဲချပေးသည့် အသပြာစ မဟုတ်။ စွန့်စားကြိုးပမ်း၍ထိုက်တန်သူသာ ပန်ဆင်ရမည့်ပန်းမြတ်မျိုး ဖြစ်သည်ဟုဆို၏။

ကမ္ဘာတွင် အင်ပါယာနိုင်ငံများနှင့် ကိုလိုနီနိုင်ငံများ ရှိသူနှင့် မရှိသူတို့ အကြိတ်အနယ် အားပြိုင်နေကြသည့် စစ်ပြီးစကာလတွင် ဗိုလ်ချုပ်အောင်ဆန်း လန်ဒန်သို့သွားရောက်၍



www.burmeseclassic.com

www.burmeseclassic.com



နေမဝင်အင်ပါယာဘုရင်၏ မှူးမတ်ကြီးများနှင့် အရေးဆိုခဲ့ရ
ခြင်း ဖြစ်သည်။

လန်ဒန်သည် နေမဝင်အင်ပါယာ၏ ရွှေမြို့တော်ကြီး
ဖြစ်ခဲ့သည်။ အဆောင်အယောင် အခမ်းအနား များသည်။
ရှေးထုံးတမ်းများကို ရိုသေစွာကျင့်သုံးသော မြို့တော်။ နှစ် ရာစု
ပေါင်းများစွာ ရပ်တည်ခဲ့သော အဆောက်အအုံများကို အမွန်
အမြတ်ထား၍ ရာဇဝင်ဆက်သော မြို့တော်။

ထိုရွှေမြို့တော်ကြီးသို့ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်
ဝတ်စုံရိုးရိုးနှင့် အနွေးထည် စစ်အင်္ကျီကြီးကိုဝတ်ရုံ၍ ရောက်ရှိ
လာသည်။ သူနှင့်အဖွဲ့ကို ကောင်းစွာ ခရီးဦးကြိုပြုကြသည်။
ဆွေးနွေးပွဲများ၌ နန်းရင်းဝန် မစ္စတာအက်တလီကိုယ်တိုင်
ခေါင်းဆောင်၍ ဆာစတက်ဖို့ကရစ် စသော ဝန်ကြီးများလည်း
ပါဝင်ကြသည်။ တန်းတူ နှစ်နိုင်ငံအစိုးရအဖွဲ့ အချင်းချင်း ဆွေး
နွေးကြသည့် ထုံးတမ်းနှင့်အညီ ဖြစ်ခဲ့၏။ ယခင် ယခင်အခါ
များက မြန်မာကိုယ်စားလှယ်များကို ဆက်ဆံခဲ့သည့်နည်းမျိုး
မဟုတ်တော့ပေ။ နန်းရင်းဝန်ဆိုသည့် ဦးစော သွားတုန်းကပင်
ဖြတ်သျှအစိုးရအဖွဲ့ခေါင်းဆောင် မစ္စတာချာချီနှင့် တစ်ခါ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ခဏသာ တွေ့ခဲ့ရသည်။ ကိုလိုနီနိုင်ငံများဆိုင်ရာ ဝန်ကြီး
မစ္စတာအေမရီနှင့်သာ ဇာတ်စုံပြီးခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ရဲရင့်ပြတ်သားစွာ ပြော
ဆိုခဲ့သည်။

"ကျွန်ုပ်သည် စစ်သားစကားသာ ပြောတတ်ပါသည်
သံတမန်သုံးစကားမျိုး၊ သွယ်ဝိုက်ကာ ဖွဲ့ကာနွဲ့ကာ ပြော
တာမျိုးကို မတတ်ကျွမ်းပါ။ ကျွန်ုပ်တို့သည် ဗမာ့လွတ်လပ်ရေး
ကို တစ်နှစ်အတွင်း အပြည့်အဝရရှိမည်ဟု မျှော်လင့် တောင်း
ဆိုသည်။ ထိုတောင်းဆိုချက်တွင် တိုင်းရင်းသားလူမျိုးအားလုံး
က တညီတညွတ် ပါဝင်ကြပါသည်။ ဗြိတိသျှအစိုးရက ပါလီမန်
တွင် ထိုသို့ ဗမာ့ဆန္ဒပြည့်ဝပါစေမည်ဟု ကတိပြုသည်ကို
ကြားရ၍ ကျေးဇူးတင်ပါသည်။ ထိုကတိတည်ပါစေ။ ယခင်
အခါများက စေတနာပင်ကောင်းသော်လည်း လက်တွေ့
အကျိုးမရ။ မူတွေပင် မှန်မြတ်သော်လည်း လက်တွေ့ကျအော
ရေရောကုန်လို့ ယခုလို သတိပေးရပါသည်"

စသည်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းက တိုတိုနှင့်ရှင်းကို
ဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်အယောင်၊ တော်ဝင်စကား အသုံးအနှုန်း၊ ထုံးတမ်းစဉ်လာတို့ဖြင့် ကြွယ်ဝသော လန်ဒန်မြို့တော်နှင့် ဗြိတိသျှအစိုးရတို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ ရှင်းလင်းရိုးသားမှုကို လက်ခံသည်။ လေးစားသည်။

ထို့နောက် အနည်းငယ် အချေအတင်ပြောကြ၊ စကားအသုံးအနှုန်း ပြင်ကြပြီးနောက် လန်ဒန်တွင် အောင်ဆန်း-အက်တလီစာချုပ်ကို ၁၉၄၇ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့၌ လက်မှတ်ရေးထိုးကြသည်။

လွတ်လပ်သောမြန်မာပြည်သစ်အတွက် ပန္နက်ချခြင်းဖြစ်၏။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပါလာသော ဦးစောက နှစ်ဖက်အစိုးရတို့ သင့်မြတ်ကြမည့်အလားအလာကို မြင်သောအခါ ထ၍ ကန့်ကွက်စကားပြောသေးသည်။ လူစွမ်းကောင်းလုပ်ရန် ရဲရဲတောက်ပြောခြင်းမျိုး။

သို့ရာတွင် ဦးစောသည် အသံမျှသာ ရှိတော့သည်။ အဆန် မရှိ၊ သူ့မှာ နောက်လိုက်သူပဲ၍ မယ်မယ်ရရမရှိတော့သည်ကို မစ္စတာအက်တလီတို့ ကောင်းစွာ သိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဦးစောပြောသည်ကို အရေးမယူဘဲ စာချုပ်ကိုသာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ချုပ်ဆိုခဲ့သည်။

●

## ဗိုလ်ချုပ်၏လွတ်လပ်ရေးကြိုးပမ်းမှု

မြန်မာပြည်သို့ ပြန်ရောက်လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် ပြင်ဆင်သည်။ လုပ်စရာတွေကများ၍ အချိန်က တိုတောင်းသည်။

ခရီးရောက်မဆိုက် ပင်လုံသို့သွား၍ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်တို့နှင့် ဆွေးနွေးရသည်။ ပြည်ထောင်စုကို အတူတွဲ၍ ထူထောင်ကြပါစို့။ မည်သူတွေကခွဲခွဲမကွဲကြစတမ်း။ ကျဉ်းမြောင်းသော လူမျိုးရေးအတွေးအခေါ်ဖျောက်ကြစတမ်း။ ဘာသာတရား ကွဲပြားတာကိုစွဲပြီး လူမျိုးရေးတရား မလုပ်ကြစတမ်း။

"စစ်အတွင်းက ကရင်အမျိုးသားတပ်ရင်း ဖွင့်တဲ့အခါထမင်းစားပွဲမှာ ကရင်ရဲဘော်တစ်ဦးက လူမျိုးအချင်းချင်း ညီ



www.burmeseclassic.com

www.burmeseclassic.com



တ်ဖို့အကြောင်းပြောတဲ့အထဲမှာ ဗမာက ဖဲရိုက်၊ ကရင်က
များ ဆိုတာလို အတူတူပါပဲလို့ပြောတာကို သတိရပါတယ်။
ယ့်ဒေသအလိုက်၊ ကိုယ်ယုံကြည်တာကို ကိုယ်ကိုးကွယ်
ထိုင်ကြပြီး သက်ဆိုင်တဲ့ကိစ္စကြီးမှာ တစ်တိုင်းတစ်ပြည်လုံးနဲ့
ညီညွတ်ညွတ်လုပ်ကြရင် ဒါဟာ တစ်မျိုးတည်းလို့ ယူဆကြ
ယ်"

"အချင်းချင်း သဘောကွဲလွဲမှုမျိုးကတော့ နည်းနည်း
ပါးတော့ ရှိမှာပဲ၊ ဒါပေမဲ့ သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို
ရောက်စော်ကားလို့ အသက်စွန့်ပြီး မလျှော့တမ်း ကာကွယ်
ိုက်ခိုက်တာကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်
ယ်"

"တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊
ည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုး
စားခွင့်ရှိကြမှာပဲ၊ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်းတို့က
ခြား၊ ကချင်၊ ချင်း အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုး
မှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိမယ်"

ဗိုလ်ချုပ်အောင်ဆန်း၏စေတနာကို ယုံကြည်ကြသော



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားလူမျိုးများ၏ ခေါင်းဆောင်တို့သည် ပင်လ
စာချုပ်ကို ချုပ်ဆိုကြ၏။ အေးအတူပူအမျှ အတူတကွ လွတ်
လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံကို ထူထောင်ကြမည်။

၁၉၄၇ခုနှစ် ဧပြီလတွင် ရွေးကောက်ပွဲကို ကျင်းပသည်။
ဗိုလ်ချုပ်အောင်ဆန်းကို အကြွင်းမဲ့ယုံကြည်သော ပြည်သူများက
ဖဆပလအမတ်များကို တင်မြှောက်လိုက်ကြသည်။

●

### ဂျွန်ဦးစော သားချက်ပြီ

ဦးစောသည် လန်ဒန်မှအပြန်တွင် အစိုးရအဖွဲ့မှ နုတ်
ထွက်ရသည်။ အောင်ဆန်း-အက်တလီစာချုပ်ကို မချုပ်ဖြစ်
အောင် ကန့်ကွက်စကားဆိုခြင်းကပင် ကိုယ့်အချင်းချင်း သစ္စာ
မဲ့ရာ ရောက်ခဲ့ပြီ။ ကိုယ့်နိုင်ငံတွင်းတွင် နိုင်ငံရေးဝါဒ ကွဲပြား
ကြ၍ အကြိတ်အနယ်ပြောကြရသည်က မထောင်းသာ။ ပြည်ပ
တွင် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် အတူရပ်တည်ကာ
ဆိုကြရမည့်အစား ကိုယ့်အဖွဲ့ခေါင်းဆောင်ကို ကျော်လွန်ခြင်း
ကိုယ့်စည်းလုံးမှုကို တစ်ပါးသူက အထင်မြင်သေးစေအောင်ပြော

www.burmeseclassic.com

www.burmeseclassic.com



*ပြုမူခြင်းတို့မှာကား သာမန်လူတို့ ခွင့်လွှတ်နိုင်မည် မဟုတ်ပေ။*

သို့ရာတွင် သာမန်လူမဟုတ်သော ဗိုလ်ချုပ်အောင်ဆန်းက ဦးစောတို့အပေါ် အငြိုးမထား။ သူ့နည်းသူ့ဟန်နှင့် ကြံဖန်တတ်သလောက် လုပ်ခြင်းသာဖြစ်သည်ဟု သဘောထားခဲ့လေသည်။

ဦးစောသည် နန်းရင်းဝန်ရာထူးကို ရရှိခဲ့စဉ်က အတိုက်အခံခေါင်းဆောင်များကို ထောင်သွင်း အကျဉ်းချထားခဲ့သည်။ ဆရာသမားပေါင်း ဦးဘဖေကိုပင် ညှာခဲ့သည်မဟုတ်။ သို့ရာတွင် အစိုးရအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက ဦးစောနည်းလမ်းစဉ်ကို မလိုက်။ ဦးစောနှင့် အတိုက်အခံအဖွဲ့များကို လွတ်လပ်စွာ ပြောဆို နေထိုင် လှုပ်ရှားစေသည်။

ဦးစောက ရန်ကုန်သို့ပြန်ရောက်လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှအစိုးရ၏ဩဇာကို မလွန်ဆန်နိုင်၍ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရသည်။ လက်မှတ်ထိုးသောအခါ ဗိုလ်ချုပ်၏လက်သည် တုန်တုန်ယင်ယင်ရှိနေသည်ဟုပင် မဟုတ်တရား ပြောကြား သတင်းဖြန့်ခဲ့သေး၏။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းက တုံ့ပြန်ခြင်း မပြုပေ။

●

ရွှေသစ္စာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဦးစော၏အကြံ

ဦးစောကို နန်းရင်းဝန်တင်မြှောက်ရာတွင် ဥပဒေ
လွှတ်တော်တွင်းရှိ အင်္ဂလိပ်အုပ်စုက အဓိကဖြစ်ခဲ့သည်။
အုပ်စုသည် အင်္ဂလိပ်ကုန်သည်ကြီးများ၊ အရာရှိကြီးများ
ကိုယ်စားပြုခဲ့သည်။ နန်းရင်းဝန်ဖြစ်လာသောအခါ ဦးစောသ
ဘုရင်ခံနှင့်တကွ အင်္ဂလိပ်ကုန်သည်ကြီးများ၊ အရာရှိကြီးများ
သင့်မြတ်အောင် ပေါင်းသင်းခဲ့လေသည်။

လွှတ်လုပ်ရေး နီးကပ်လာလေလေ၊ ခြေရှုပ်လေလေ
လုပ်ကြသူတို့နှင့် ဦးစောသည် အဝင်အထွက်ရှိခဲ့သည်။ ယခင်
အပေးအယူ သင့်မြတ်ခဲ့ကြသလို နောင်တွင်လည်း အပေးအ
သင့်မြတ်နိုင်သည်။

ပြည်သူက ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရှိနေသည
ပြည်သူနှင့်ဗိုလ်ချုပ်ကို ခွဲ၍မရ။ ပြည်သူက ကြည်ဖြူစွာ ဦး
ကို အာဏာပေးအပ်မည်မဟုတ်တော့သည်ကို ဦးစော
သည်နှင့် အာဏာကို အကြမ်းနည်းလုယူရန် ကြံစည်အားထု



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။ တပည့်မွေး၍ လူစုလေသည်။ သူစေခိုင်းရာ ကိုလုပ်မည့် လူယုံတစ်စုကို သူ့အိမ်တွင် မွေးကျွေးပြုစုထား သည်။ လက်နက်ကတော့ လွယ်ပါသည်။ သူ့အိမ်တွင် အဝင် အထွက်လုပ်ကြသည့် အင်္ဂလိပ်တပ်မှဗိုလ်တချို့နှင့် နားလည်မှု ရပြီး ဖြစ်သည်။

●

## ဗိုလ်ချုပ်တင်သွင်းသောမူ ခုနစ်ချက်

၁၉၄၇ခုနှစ် ဇွန်လ ၁၆ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်၌ ဗိုလ်ချုပ်အောင်ဆန်းက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ၏ အဓိကမူကြီး ၇ ချက်ကို ရှင်းလင်းတင်ပြ၍ ပြဋ္ဌာန်း ကြရန် အဆိုပြုလေသည်။

လွှတ်တော်မှတ်တမ်းများတွင် ရန်ကုန်မြို့မ၊ လမ်းမ တော်အမတ် ဦးအောင်ဆန်း တင်သွင်းသောအဆိုဟု ပါရှိ သည်။

မူကြီး ၇ချက်တို့သည် . . .



www.burmeseclassic.com

www.burmeseclassic.com



၁။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် မြန်မာ ပြည်ထောင်စုနိုင်ငံတော်ဟု ခေါ်တွင်စေသော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဖြစ်စေရမည်။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက သတ်မှတ်ဖော်ပြသည့် တစ်သီးပုဂ္ဂလ ပြည်နယ်များ ပါဝင်စေလျက် သို့ သတ်မှတ်ဖော်ပြသည့် တစ်သီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ ရရှိစေရမည်။

၃။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတ မြန်မာ နိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များ နှင့် အစိုးရအဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာ ဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေ ရမည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းသူပြည်သား မှန်သမျှသည် လူမှုရေး၌လည်းကောင်း၊ စီးပွားရေး၌



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ နိုင်ငံရေး၌လည်းကောင်း တရားမျှတမှု ရှိစေလျက် အဆင့်အတန်း၊ အခွင့်အရေးနှင့် ဥပဒေ သက်ရောက်မှုတို့တွင် ဆူကြွနိမ့်မြင့် မရှိ။ ပကတိ တူညီစေရမည့်ပြင် တရားဥပဒေနှင့်သော်လည်းကောင်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်လည်းကောင်း မဆန့်ကျင်သမျှ လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသန ရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အခိုင်အလုံ သတ်မှတ်ထားစေရမည်။

၅၂။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် လူနည်းစုများအဖို့ လုံလောက်သောကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမည်။

၆။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတမြန်မာနိုင်ငံ၏နယ်မြေတို့ တပေါင်းတစည်းတည်း တည်တံ့ခိုင်မြဲ

www.burmeseclassic.com



ရေးကိုလည်းကောင်း၊ နိုင်ငံတော်၏ ကြည်း ရေ လေ
တို့ကို အချုပ်အခြာစိုးမိုးအုပ်ချုပ်ပိုင်ခွင့်ကိုလည်းကောင်း
တရားမျှမှုနှင့်တကွ ပြည်ထောင်စုအချင်းချင်း ဥပဒေအရ
ထိန်းစောင့်ထားရှိစေရမည်။

၇။ ရာဇဝင်တွင်ထင်ရှားခဲ့သော မြန်မာနိုင်ငံတော်သည်
ကမ္ဘာပေါ်တွင် မိမိဂုဏ်ကျက်သရေနှင့် လျော်ညီစွာ
ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်
အပြင် လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုး
ချမ်းသာပြည့်ဝရေးတို့ကို တာဝန်အလျောက် စေတနာ
ဖြင့် အစွမ်းကုန်ဖြည့်စွမ်းထမ်းရွက်ကာ ပြည်ထောင်ချင်း
ချင်းဆိုင်ရာ တရားမျှမှုနှင့် ကျင့်ဝတ်သိက္ခာကို အခြေခံပြု
၍ ကမ္ဘာ့ငြိမ်းချမ်းရေးရှေ့ရှုလျက် နိုင်ငံတကာတို့နှင့်
မိတ်ဝတ်မပျက် တွဲဖက် ပူးပေါင်း ဆောင်ရွက်မှုကို
ခိုင်မြဲသောအမိဋ္ဌာန်ဖြင့် စောင့်ထိန်းတော့အံ့။

မူများကို ရှင်းလင်းဆွေးနွေးပြီးနောက် ဦးအောင်ဆန်း
က ကမ္ဘာ့အခြေအနေ၊ အင်္ဂလိပ်အစိုးရ၏ အခြေအနေနှင့်
မြန်မာပြည်သူသို့ အာဏာလွှဲပြောင်းယူရေးသည် အချိန်ကျ



www.burmeseclassic.com

www.burmeseclassic.com


ရောက်သောအခါ အသာတကြည်နှင့် ပြီးမြောက်အောင်မြင်ည်ထင်သည်ဟု ပြော၏။

"ကျွန်တော်တို့လုပ်တာက မြန်မြန်နဲ့ ကောင်းကောင်းမှန်မှန်ရှိပြီးတော့ ကျွန်တော်တို့ တစည်းတလုံးတည်း၊ တညီတညာတည်း အင်အားတောင့်တောင့်တင်းတင်းနဲ့ ဆိုလို့ရှိရင်သူနိုင်တယ် သို့ရာတွင် အခက်အခဲ၊ အန္တရာယ်၊ အနှောင့်အယှက်များတွင် ရှိနိုင်သည်။

အာဏာလွှဲပြောင်းပေးတဲ့ကိစ္စမှာဆိုလို့ရှိရင် တောင်တန်းဆိုင်ရာ ကိုယ်စားလှယ်တွေကို အသုံးချမှာပဲဆိုတာကိုကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောပြထားလိုပါတယ်၊ ကျွန်တော်တို့ကတော့ ဘယ်လိုအခက်အခဲတွေနဲ့ပဲတွေ့တွေ့ အခက်အခဲတွေကို ကျော်နင်းပြီးသွားမယ်။ ခြောက်ရင်လည်း ကျွန်တော်တို့ကြောက်ဘူး။ မြှောက်ရင်လည်း မမြောက်ဘူး။ ချော့ရင်လည်းမပျော့ဘူး။ လမ်းမှန်အတိုင်း မှန်မှန်သွားကြမယ်။ ကျွန်တော်တို့လိုလားတဲ့ ပန်းတိုင်ထိအောင် ကျွန်တော်တို့သွားမယ်"

ကရင်၊ ရှမ်း၊ ချင်း၊ ကချင် စသော တိုင်းရင်းသားများကိုလည်း ဦးအောင်ဆန်းက အမှာစကားပြောလေသည်။

ရွှေသွေးစာစဉ်ပေ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားအချင်းချင်းသည် မိတ်ဆွေသာမက သွေးရင်းသားချင်းများ ဖြစ်ကြပါသည်။ တောင်တန်းဒေသများဟူ၍ အခြေအနေ ရေရေရာရာမရှိဘဲ အင်္ဂလိပ်တို့က တိုက်ရိုက်အုပ်ချုပ်ထားရှိခဲ့သည်ကို အခြေအနေအရ ရေရေရာရာဖြစ်စေ၍ တိုင်းပြည်ပြုလွှတ်တော်တွင်းသို့ရောက်အောင် ဆောင်ရွက်ပေးပြီးလည်း ဖြစ်ပါသည်။ အခြေခံဥပဒေတွင်လည်း လိုအပ်သောမူများကို ချမှတ် ပြဋ္ဌာန်းပေးပါပြီ။ စေတနာရည်ရွယ်ချက် အကုန်အစင်ကိုပင် ဥပဒေတွင် ထည့်သွင်းခြင်းမပြုနိုင်ပါ။ ဥပဒေကို စာလုံးတွေလိုက်၍ ကတ်သီးကတ်သတ် ဝိနည်းလွတ်ရုံ အဓိပ္ပာယ်ကောက်ရန် မဟုတ်ပါ။ ကျွန်တော်တို့ရှိတဲ့ စေတနာ၊ စိတ်ထားအတိုင်း လုပ်လာတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ဖတ်လိုက်ရတဲ့အခါမှာ ဒီဟာ တိုင်းရင်းသားအချင်းချင်း ခိုင်ခိုင်လုံလုံ ညီညီညွတ်ညွတ်နဲ့ ပေါင်းသင်းသွားကြပြီးတော့ကာ၊ အလုပ်လုပ်ဖို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါလားလို့ အဲဒီလို စိတ်ထား သဘောထားမျိုးနှင့် ဆက်လက်လုပ်ကိုင်နေထိုင်ကြရန် ဖြစ်ပါသည်"

စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



“အလင်းရောင်ကနေပြီး အမှောင်ထဲသွားချင်တဲ့ လူတွေရှိရင်လည်း သဘောပဲ။ ကျွန်တော်တို့က မတားဆီးပါဘူး။ ကျွန်တော်တို့ကတော့ အင်္ဂလိပ်လက်အောက်မှာလည်း မနေချင်ဘူး။ ဘယ်လူမျိုး၊ ဘယ်နိုင်ငံခြားလူမျိုးအောက်မှာမှလည်း နေချင်ဘူး။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် နေချင်တယ်။ ကျွန်တော်တို့ အတိအလင်း ကြေညာလိုပါတယ်။

အဲဒီတော့ အဲဒီလိုလွတ်လပ်တဲ့နိုင်ငံအဖြစ်နဲ့ ကျွန်တော်တို့နေနိုင်အောင်ဆိုပြီးတော့ ဒီအဆိုကို တင်သွင်းတဲ့အခါမှာ အလင်းရောင်ထဲမှာ နေချင်ကြတဲ့လူတွေဟာ ကျွန်တော့်အဆိုကို ထောက်ခံပါ။ အလင်းရောင်ကနေပြီး အမှောင်ထဲကို သွားချင်ကြတဲ့လူတွေကတော့ သဘောအတိုင်းပါပဲဆိုတာ ဒီအဆိုကို တင်သွင်းရင်း ကျွန်တော်ပြောခဲ့ပါတယ်”

တိုင်းပြည်ပြုလွှတ်တော်က အခြေခံမူကြီးကို ဦး အောင်ဆန်းတင်သွင်းသည့်အတိုင်း တစ်ခဲနက် တညီတညာ ထောက်ခံ အတည်ပြုလေသည်။

●

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်မှာသောစကား

၁၉၄၇ခုနှစ် ဇူလိုင်လ ၁၃ရက်နေ့ နံနက်တွင် ရန်ကု မြို့တော်ခန်းမ၌ ကျင်းပသော မြို့နေပြည်သူတို့၏ စည်းဝေ ကြီးတစ်ရပ်မှ ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့လေသည် တိုင်းပြုပြည်ပြုလွှတ်တော်အမတ်များသည် လွှတ်တော်စည်းဝေ ပွဲပြီးလျှင် မိမိတို့နယ်သို့ပြန်၍ အစီရင်ခံခြင်း၊ ဆွေးနွေးခြ ပြုရသည့် ထုံးတမ်းစဉ်လာတစ်ရပ် ဖြစ်စေချင်သည်။

ထို့ကြောင့် . . .

“ယနေ့ ကျွန်တော့်နိုင်ငံရေးရှင်းတမ်းဟာ ဖဆပ အဖွဲ့ချုပ်ဥက္ကဋ္ဌအနေနဲ့ မဟုတ်တဲ့ ရန်ကုန်မြို့နယ်တစ်နယ် တင်မြှောက်လိုက်တဲ့ အမတ်တစ်ယောက်အနေနဲ့ တိုင်းပြုပြ ပြုလွှတ်တော်မှာ ဘာတွေလုပ်တယ်ဆိုတာ နယ်သူနယ်သ တွေသိရအောင် အစီရင်ခံဖို့အဓိက ရည်ရွယ်ကြောင်း” ပဏ မျိုးလေသည်။

“အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင် ကို တစ်နှစ်အတွင်း ပြီးစီးအောင်မြင်စွာ တည်ထောင်ကြမ

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုံးဖြတ်ကတိပြုထားသည့်အတိုင်း ကြိုးပမ်းလျက်ရှိကြသည်။ ပြည်သူသို့ ကျွန်တော်တို့ သစ္စာထားသည်။ ကတိတည်သည်။ စောင့်ကြည့်ပါ။ လွတ်လပ်ရေးရပြီးသောအခါ၌လည်း လုပ်စရာတွေ ကုန်ဆုံးမည်မဟုတ်သေး။ နိုင်ငံတော်ကိုကာကွယ်ရေး အဓိကတာဝန်တစ်ရပ် ပြည်သူတို့အပေါ် ကျရောက်မည်။ အရွယ်ရောက်သူတိုင်း စစ်မှုထမ်းရမည်။ "ခပ်ရှိန်းရှိန်းပြောရရင် အတော့်ကို ပြအောင်ကြိုးစားလုပ်ကိုင်မှ၊ အနှစ် ၂၀ ကျော်လောက်ကြာမှ ဗမာပြည် တော်ရုံရောက်မည်"

မလျှော့သော ဇွဲလုံ့လနှင့် ညီညီညာညာ စည်းကမ်းရှိရှိ တာဝန်သိသိ ကြိုးပမ်းကြ။ "ရှုံးရှုံး နိုင်နိုင် မလျှော့တမ်းလုပ်ဖို့ တိတိလင်းလင်းသတိပေးခဲ့မယ်။ ဗမာပြည်မှာ လူမျိုးအချင်းချင်း မကွဲဖို့၊ လုပ်ငန်းပိုင်းဖြစ်သော လက်ဝဲသမားအချင်းချင်း မကွဲဖို့ သတိပေးလိုက်ပါတယ်"

"ဗမာပြည်မှာ စားကုန်သောက်ကုန်အသုံးစရိတ် ကြီးမြင့်ခြင်းဟာ ခင်ဗျားတို့ ဗုံးပေါလအောသုံးမှုကြောင့် ဖြစ်တယ်။ မြီးခြသင့်တဲ့နေရာ ခြုံးခြံ ကိုယ့်အိမ်မှာ စိုက်စားသင့်တာ မစားဘဲ နိုင်ငံခြားသွင်းကုန်ပေါ်မှာ မှီစားတဲ့အတွက် ဈေးကြီးတယ်။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးလိုချင်ရင် လွတ်လပ်ရေးရတဲ့ စည်းကမ်းညီညွတ်မှုတွေကို ထိန်းထားပါ။ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကိစ္စအတွက် အလုပ်လုပ်တဲ့နေရာမှာ စည်းကမ်းရှိဖို့ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဖို့ ခင်ဗျားတို့ စောက်ကျင့်တွေပြင်ဖို့လိုနေပြီလို့ ကျွန်တော်ပြောခဲ့မယ်"

တိုတိုကြမ်းကြမ်း ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့သည်။

သူ့စကားများတွင် 'သတိပေးခဲ့မယ်၊ ပြောခဲ့မယ်' စသည်ဖြင့် ခွဲခွာခါနီးနှုတ်ဆက်မှာကြားတာမျိုးတွေ ပါနေသည်။

●

ထွက်ပေါ်လာသောသတင်းနှင့်ဗိုလ်ချုပ်၏ယုံကြည်မှု

ရန်ကုန်မြို့တွင် . . .

ထိုအချိန်တစ်ဝိုက်၌ ကောလဟာလတွေ ဖြစ်ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံရန် ကြံစည်နေကြသတဲ့။

အင်္ဂလိပ်စစ်တပ် လက်နက်တိုက်မှ စက်သေနတ်အလက် ၂၀၀ ခိုးထုတ်သွားပြီတဲ့။

သစ္စာဖောက်သူများကို နိုင်ငံခြားအဖွဲ့အစည်းများက ကူညီမည်တဲ့။

အင်းလျားကန်စောင်း အေဒီလမ်းပေါ်ရှိ ဦးစော၏ အိမ်တွင် အဝင်အထွက်များနေသည်။ လူများလည်း စုမိနေသည်။ သို့ရာတွင် ထောက်လှမ်းရေးတာဝန်ယူရသူများ၊ လုံခြုံရေးတာဝန်ယူရသူများက ထိရောက်စွာ ကာကွယ်အရေးယူခြင်း မရှိသေး။

ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူကို ယုံကြည်သည်။ ပြည်သူ့မေတ္တာကို ခိုလှုံခံယူရမှ လုံခြုံသည်ကို သူသိသည်။ သူ၏ စေတနာနှင့်သစ္စာကိုလည်း သူယုံကြည်ပြီးသားဖြစ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



## ပြည်သူကိုယုံကြည်သောဗိုလ်ချုပ်

ဗိုလ်ချုပ်အောင်ဆန်းက မိမိကိုယ်မိမိနှင့် ပြည်သူကို ယုံကြည်သည်မှာ သဘာဝကျပါ၏။ သို့ရာတွင် အရေးကြီးလှ သော ထိုအချိန်အခါမျိုးတွင် သူ့လို အမျိုးသားခေါင်းဆောင်ကြီး တစ်ယောက်အတွက် လိုအပ်သော ကာကွယ်စောင့်ရှောက်မှု များ လုံလောက်ပိုင်နိုင်စွာ လုပ်ထားသင့်ပါသည်။ သို့ပါလျက် အကြံကုန်သော ဂျွန်ဦးစောလည်း လွတ်လပ်စွာဆားချက်ေ ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ်၊ ရုံးခန်း၊ ဝန်ကြီးများစည်းဝေ ခန်း စသည်တို့မှာလည်း ဟာလာဟင်းလင်း လွတ်လပ်စွာ ဝင် ကြစေ၊ ထွက်ကြစေ။

●



www.burmeseclassic.com

www.burmeseclassic.com



## သွေးစွန်းသော ဇူလိုင်တစ်ဆယ့်ကိုး

ဇူလိုင် ၁၉ရက်နေ့ . . .

နံနက်တွင် ဝန်ကြီးများအစည်းအဝေး ရှိသည်။

အတွင်းဝန်များရုံးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ရုံးခန်းနှင့် ဆက်နေသော စည်းဝေးဆောင်၌ ဝန်ကြီးများ စုဝေးကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာဝတ်စုံ ရွှေဖလားရောင် ဘန်ကောက်လုံချည်ကိုဝတ်၍ သူ၏ တာဝါလိမ်းနေအိမ်မှ ၁၀နာရီခန့်တွင် ထွက်ခွာလာသည်။

သူ ရုံးသို့ရောက်ပြီးလျှင် အစည်းအဝေးစတင်သည်။ ဗိုလ်ချုပ်အောင်ဆန်းက ထိပ်စားပွဲတွင် ထိုင်သည်။ လက်ဝဲ လက်ယာစားပွဲရှည်များတွင် ဝန်ကြီးများ ထိုင်ကြသည်။ အတွင်းဝန် ဦးရွှေဘော်က ဗိုလ်ချုပ်အောင်ဆန်းအနီးတွင် ထိုင်သည်။ အတွင်းဝန် ဦးအုန်းမောင်က သူ့ ဌာနဆိုင်ရာကိစ္စတစ်ရပ်ကို ရှင်းလင်းတင်ပြရန် လာရောက်သည်။

အစည်းအဝေးစ၍ လူစုံသည်ဆိုလျှင် သတင်းအပ်အကျရပြီးသော ဦးစောက စေလွှတ်လိုက်သည့် တပည့်များ



www.burmeseclassic.com

www.burmeseclassic.com



သည် ၁၂ နံပတ်တာပ်တံဆိပ်ပါ စစ်ဝတ်စုံများကိုဝတ်၍ တော်မီစက်သေနတ်များကိုကိုင်ဆောင်ကာ ဝန်ကြီးများအစည်းအဝေးဆောင်သို့ ဝင်ရောက်ပစ်ခတ်ကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းက ရပ်၍လက်ဟန်ပြကာ တားမြစ်သေးသည်ဆို၏။ သူ့ရဲဘော်များ မှားယွင်းဝင်လာသည် ထင်၍လား၊ သူ့လုပ်ဖော်ကိုင်ဖက် ဝန်ကြီးများကို ကာကွယ်လို၍လား။ လူသတ်သမားများကမူ ဗိုလ်ချုပ်အောင်ဆန်းကိုသာ အဓိကပစ်မှတ်အဖြစ် ထားသည်။ သူ့ဆီသို့ သဲသဲမဲမဲ ပစ်ခတ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကျည် ၁၃ ချက်သင့်၍ ကျဆုံးလေသည်။

အစည်းအဝေးဆောင် တစ်ခုလုံးကိုလည်း အနှံ့အစပ်သုတ်ပစ်ခတ်ကြသည်။ ဝန်ကြီးဦးမြ (ပျော်ဘွယ်)၊ ဦးဘဂျမ်းနှင့် ဦးအောင်ဇံဝေတို့ ကံကူ၍ လွတ်ကြသည်။ အတွင်းဝန်ဦးရွှေဘော်လည်း အလားတူ လွတ်မြောက်သည်။

ကျန်ဝန်ကြီးများနှင့် အတွင်းဝန်ဦးအုန်းမောင်တို့ ဒဏ်ရာဒဏ်ချက်များစွာဖြင့် နေရာတွင် ကျဆုံးကြသည်။ မိုင်းပွန်စော်ဘွားနှင့် ဒီးဒုတ်ဦးဘချိုတို့သည် ဆေးရုံကြီးတွင် နာရီ



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ခံကြသည်။ သို့ရာတွင် ဆရာစန်ကြီးများနှင့် မှူခင်း ဆရာဝန်ကြီး ဒေါက်တာဘာသန်းတို့က ကြိုးစား၍ အသက်လု ကြသော်လည်း မရချေ။

ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံပြီးအပြန် အတွင်း ဝန်ရုံးလှေကားအနီးတွင် လူသတ်သမားတို့က ဝန်ကြီးဦးရာဇတ် ၏ သက်တော်စောင့် ကိုထွေးကို အဖျားခတ် သတ်ဖြတ်သွားကြ သေးသည်။

ထိုဇူလိုင်လ ၁၉ ရက် စနေနေ့နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခြင်းခံလိုက်ရသည်ဟု မှတ်ပြုကြသည်။ အာဇာနည်ကုန်းရှိ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူတွင်လည်း ထိုသို့ပင် ကမ္ပည်းထိုးထားသည်။

သို့ရာတွင် သိရသလောက်မှ ထပ်မံလေ့လာ၍ နံနက် ၁၀ နာရီ ၃၀မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးရသည်ဟု သတ်မှတ်ထားသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အစားထိုးမရသောဆုံးရှုံးခြင်း

လုပ်ကြံခြင်းသတင်းသည် တစ်မုဟုတ်ချင်း ရန်ကုန်မြို့တွင်းတွင် ပြန့်၏။ ထို့နောက် နာရီပိုင်းအတွင်း နိုင်ငံသို့ပြန့်၏။ ထိုနေ့မကုန်မီ ပြည်သူက ထိုသတင်းဆိုးကြီးကို ကြားပြီးကြလေပြီ။ စိတ်တွင် လှုပ်ရှားခံစားကြရလေပြီ။,

အမှန်လည်း ဝမ်းနည်းခံခက်ဖွယ်ရာ ကောင်းလှသည်။ သတင်းအမှန်အပြည့်အစုံကို ကြားရလေလေ ပို၍ ဝမ်းနည်းခံခက်ဖွယ်ရာ ဖြစ်လာသည်။ စောစောပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ဒဏ်ရာရသည်။ သို့ရာတွင် မသေဟု သတင်းလွှင့်ထားရသည်။ အခြားခေါင်းဆောင်များထဲမှလည်း မည်သူတွေ ကျဆုံးပြီး၊ မည်သူတွေဖြင့် အသက်မသေ လွတ်မြောက်သည်၊ မည်သူတွေကိုကား ဆေးရုံ၌ အသက်လု၍ ခွဲစိတ်ကုသနေသည်ဟု သတင်းစကားများ ဖြစ်ပွားသေးသည်။ သို့ရာတွင် သတင်းမှန်အပြည့်အစုံမှုကား ဖုံးကွယ်ထား၍ မရပါ။ ဖုံးကွယ်ထား၍လည်း မဖြစ်နိုင်ပါ။ ပြည်သူအား အမှန်အပြည့် ပြောပြီးမှ ပြည်သူတို့ကို ဖျောင်းဖျစည်းရုံးနိုင်မည် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယမ်းငွေ့မပြယ်မီ ဝန်ကြီးများစည်းဝေးဆောင်သို့ ဝင်ရောက်ကြသောအခါ စစ်တလင်းတစ်ခုလို တွေ့ကြရလေသည်။ ကျည်ဆန်ရာတွေ၊ ကျည်ဆန်ခွံတွေနှင့် ကျည်ဆန်မှိုးရှာထား၍ ချိုးဖရဲ လဲပြိုနေသော အရာဝတ္ထုများ၊ ထိုအကြားတွင် ကျည်သင့်၍ သွေးအလိမ်းလိမ်းနှင့် ကျဆုံးနေကြသောပုဂ္ဂိုလ်များ၊ အသက်ငွေ့ငွေ့သာကျန်သော ပုဂ္ဂိုလ်များ၊ လူသတ်သမားတို့က သူတို့လုပ်ရန် လာသည်ကို သွေးအေးအေး သေသေချာချာ လုပ်ခဲ့ကြသည်။ သူတို့ကို တားဆီးမည့်သူ မရှိ။ နှောင့်ယှက်မည့်သူ မရှိ။ တောတွင် ကြက်ငှက်လိုက်လံပစ်ခတ်ရသည်ကဲ့မှ ခက်ဦးမည်။

ကျဆုံးစာရင်း အပြည့်ကောက်၍ ရသောအခါ ဗိုလ်ချုပ်အောင်ဆန်းသာမက ဘုရင့်ခံအမှုဆောင်ကောင်စီ (ဝန်ကြီးအဖွဲ့) မှ တစ်ဝက်ကျော်ကျော်ပါသည်ကို တွေ့ကြရသည်။ ဒုတိယအတွင်းဝန် ဦးအုန်းမောင် ပါသည်။ သက်တော်စောင့်ကိုထွေး ပါသည်။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးခြောက်ဦး၊ အတွင်းဝန်တစ်ဦး၊ သက်တော်စောင့်တစ်ဦး။ ဗိုလ်ချုပ်အောင်ဆန်းပါ ကိုးဦး။

●



www.burmeseclassic.com

www.burmeseclassic.com



## ဘဏ္ဍာရေးဌာနဝန်ကြီး သခင်မြ

ဘဏ္ဍာရေးဌာနဝန်ကြီး သခင်မြသည် အေးမြ တည်ငြိမ်သောပုဂ္ဂိုလ်၊ လူငယ်ခေါင်းဆောင်များအကြားတွင် သူက လူကြီးတစ်ယောက် ဖြစ်ခဲ့သည်။ သာယာဝတီခရိုင်တွင် ရှေ့နေလိုက်နေရာမှ ဆရာစံအရေးတော်ပုံမှ ပေါက်ဖွားသောအမှုများတွင် တရားခံများကို လိုက်ပါခုခံခဲ့သည်။ တို့ဗမာအစည်းအရုံး၏ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ ဥပဒေပြုလွှတ်တော်သို့ အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ စစ်အတွင်း ဗမာအစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ် ဖြစ်ခဲ့သည်။

ဆိုရှယ်လစ်ပါတီခေါင်းဆောင်တစ်ဦးလည်းဖြစ်သော သခင်မြကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်များက အားထားလေးစားကြသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အဖွဲ့တွင် အရေးပါစွာ ပါဝင်၍ လန်ဒန်၌ ဗမာ့လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့သည်။ ရန်သူတို့၏ကျည်ဆန်များသည် သူ့အဆုတ်များကို အမြွှာမြွှာ ချေမှုန်းသည်။ အစည်းအဝေးဆောင်တွင်ပင် အသက်ပျောက်ရသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## စက်မှုလက်မှု အလုပ်သမားဌာနဝန်ကြီး မန်းဘခိုင်

စက်မှုလက်မှုအလုပ်သမားဌာနဝန်ကြီး မန်းဘခိုင်သည် ဟင်္သာတခရိုင် ယုံသလင်းမှ ထင်ပေါ်ကျော်ကြားလာသော နိုင်ငံရေးသမား ကရင်ခေါင်းဆောင် ဖြစ်သည်။ တော်လှန်ရေးတွင် ထိုနယ်မှ လှုပ်ရှားခဲ့သည်။ အပြောအဆိုကောင်းသည်။ ဆက်ဆံရေးပြေပြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းက သူ့ကိုလည်း လေးစားယုံကြည်သည်။ လူသတ်သမားတို့ ပစ်ခတ်သဖြင့် ဒဏ်ရာ ၁၅ ချက်ရ၍ မန်းဘခိုင်သည်လည်း နေရာတွင် အသက်ပျောက်ခဲ့ရသည်။ ၁၅

●

## အမျိုးသားစီမံကိန်းနှင့် ပညာရေးဌာနဝန်ကြီး ဦးရာဇတ်

သူသည် ပြုံးပြုံးအေးအေး နေတတ်သူ။ မန္တလေးမြို့ အမျိုးသားကျောင်းအုပ်ကြီးအဖြစ်နှင့် အမျိုးသားစိတ် ပြင်းထန်သောလူငယ်များကို ပျိုးထောင်ပေးခဲ့သည်။ သူကိုယ်တိုင် ကျောင်းသားသပိတ်ချီတက်ပွဲများတွင် ပါဝင်တတ်သည်။ အေး



www.burmeseclassic.com

www.burmeseclassic.com



ပေးတတ်သည်။ ရန်သူ့ကျည် ၆ ချက် သင့်၍ နေရာတွင်ပင် ကျဆုံးရလေသည်။ ၄

●

## ဖြန့်ကြားရေးဌာနဝန်ကြီး ဒီးဒုတ်ဦးဘချို

သူလည်း ဆရာကြီးတစ်ဆူ။ လူငယ်များက သူ့ကို ခင်မင်ကြသည်။ သူ၏ ဒီးဒုတ်ဂျာနယ်က အမျိုးသားလွတ်လပ်ရေး တိုက်ပွဲ၊ အမျိုးသားပညာရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေးတို့တွင် ရှေ့တန်းအလံကိုင် ဖြစ်ခဲ့သည်။ သူ့ဂျာနယ်နှင့် သူ့အိမ်သည် လူငယ်အမျိုးသားခေါင်းဆောင်များ စုဝေးရာ၊ အခြေပြုရာ ဖြစ်ခဲ့သည်။ အသက် မငယ်တော့သော်လည်း လူသတ်သမားတို့၏ ကျည်ဆန် ငါးချက်ဒဏ်ကို ဆရာကြီးဦးဘချို အကြိတ်အနယ် ခံခဲ့သေးသည်။ ဒဏ်ရာများတွင် ဦးနှောက်ကို ထိုးဖောက်သော ဒဏ်လည်း ပါသည်။ ဆေးရုံကြီးတွင် ဆရာဝန်ကြီး မဒေါက်တာ ဘသန်းနှင့် ပါရဂူများက ဝိုင်းဝန်း၍ အသက်လုကြသော်လည်း မွန်းလွဲသော် ဆရာကြီးဦးဘချို အသက်ပျောက်ခဲ့ရသည်။

●

ရွှေသစ္စာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နယ်ခြားဒေသများဆိုင်ရာဝန်ကြီး မိုင်းပွန်စော်ဘွား စပ်စံထွန်း

သူသည် ပကတိ တောင်ပေါ်သား။ သူ့ရှမ်းကုန်းမြေမြင့်တို့ကို သူခင်တွယ်သည်။ လယ်ယာဥယျာဉ်စိုက်ပျိုးခြင်းတွင် ဝါသနာထုံသည်။

သူ့ဦးခေါင်းတွင် ရန်သူ့လက်ချက်ဖြင့် ဒဏ်ရာနှစ်ချက်ရသည်။ ထိုဒဏ်ရာတို့ကို တစ်ညကျော်၍ တစ်မွန်းလွဲသည်အထိ ခံပြီးမှ ကွယ်လွန်ခဲ့သည်။ ၂

●

ကုန်သွယ်ရေးနှင့်ထောက်ပံ့ရေးဝန်ကြီး ဦးဘဝင်း

ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကိုကြီး။ ကျောင်းဆရာကြီး။ ပညာရေးလောကတွင် သူ မွေ့လျော်ခဲ့သည်။ သာမန်အားဖြင့် နိုင်ငံရေးနယ်သို့ သူရောက်ဖို့မဟုတ်။ လူရိုးလူကောင်းတစ်ဦးဖြစ်သော သူ့ကို ကုန်သွယ်ရေးမှာ ထားသင့်သည်ဟု ခင်နုက ဗိုလ်ချုပ်အောင်ဆန်းကို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့ကျည်ဒဏ်ရှစ်ချက်ဖြင့် ဦးဘဝင်းသည် သူချ
သောညီ၊ သူ့အစိုးရအဖွဲ့၏ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း
နှင့် အတူ ကျဆုံးရလေသည်။ ၈

1

## ဒုတိယအတွင်းဝန် ဦးအုန်းမောင်

သူသည် ပြည်သူ့ဝန်ထမ်းထဲမှ လူရည်ချွန်တစ်ဦး ဖြစ်
သည်။ သူ၏ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး
ဌာနဝန်ကြီး စောစံဖိုးသင် နယ်ထွက်နေ၍ ဌာနဆိုင်ရာကိစ္စ
တစ်ရပ်ကို ဝန်ကြီးများအစည်းအဝေး၌ တင်ပြရန် ရောက်ရှိ
နေစဉ် လူသတ်သမားတို့နှင့် တိုးခဲ့ရခြင်းဖြစ်သည်။ အခန်း
တွင်ပင် ဦးအုန်းမောင် အသက်ပျောက်ရသည်။

1



www.burmeseclassic.com

www.burmeseclassic.com



သက်တော်စောင့်၂ထွေး

သူကား ၁၈ နှစ်သာသာ လူငယ်။ ဦးရာဇတ်၏ သက်တော်စောင့်။ လူသတ်သမားတို့ သူတို့ကိစ္စပြီး၍ အပြန်တွင် ကိုထွေးနှင့်တွေ့၍ သွေးဆာသောလက်ချောင်းများက စက်သေနတ်မောင်းကို ဆွဲခဲ့လေသည်။ ဒဏ်ရာလေးချက်ဖြင့် ကိုထွေး အသက်ထွက်ခဲ့ရသည်။ ၄

ဝန်ကြီးခုနစ်ဦး၊ အစိုးရအဖွဲ့၏ တစ်ဝက်ကျော်ကျော်၊ ကံထောက်၍ အစည်းအဝေးဆောင်မှ အသက်မသေ လွတ်မြောက်ရသော ဝန်ကြီးဦးမြ (ပျော်ဘွယ်)၊ ဦးဘဂျမ်းနှင့် ဦးအောင်ဇေ၀၊ ပြည်တွင်းတွင် ခရီးလွန်နေသူ စောစံဖိုးသင်၊ ပြည်ပတွင် ခရီးလွန်နေသူ ဦးကျော်ငြိမ်း။ သူတို့မှလွဲ၍ ဝန်ကြီးအဖွဲ့တစ်ဖွဲ့လုံး ကျဆုံးကုန်သည်။

1



www.burmeseclassic.com

www.burmeseclassic.com



## သူတို့အမြင်၊ သူတို့စကား

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့နံနက်ခင်း လုပ်ကြံခြင်းကို ဝန်ကြီးများအစည်းအဝေးဆောင်အတွင်းတွင် ရှိနေခဲ့ပြီးလျှင် အသက်မသေ ကျန်နေကြသော ကံထူးသည့်ပုဂ္ဂိုလ်များက မြင်ကြားသမျှကို အထူးခုံရုံးရှေ့တွင် သက်သေခံကြပါသည်။ လူသတ်သမားတို့ ဝင်လာခြင်း၊ ထွက်သွားခြင်းတို့ကို မြင်ရသူတို့လည်း ရှိခဲ့ပါသည်။ ဦးစောအိမ်မှ ထွက်ခွာခြင်း၊ ပြန်လာခြင်းတို့ကို မြင်လိုက်ရသူတို့လည်း ရှိပါသည်။

ဦးစော၏ဆွဲဆောင်ရာကို ပါ၍ သူ၏အိမ်တွင် နေ၊ သူစေရာလုပ်ခဲ့သူတို့၏ ဖြောင့်ဆိုချက်များမှ တစ်ဖက်အတွေ့အမြင်တို့ကို ရပါ၏။

အစည်းအဝေးဆောင်မှ လွတ်မြောက်ခဲ့သော ဦးဘဂျမ်းသည် ဝန်ကြီးအဖွဲ့တွင် ဆက်လက်၍ တာဝန်ယူခဲ့သည်။ ၁၉ ဇူလိုင်၏ နံနက်ခင်းအကြောင်းကို ၁၉၆၇ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့ထုတ် 'လမ်းစဉ်သတင်း' တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ဝန်ကြီးများအစည်းအဝေးသည် အတွင်းဝန်များရုံးအဆောက်အအုံ ဗိုလ်ချုပ်အောင်ဆန်း၏ရုံးခန်းတွင် ဝင်ယ်ပုံ အစည်းအဝေးစားပွဲကြီး၌ နံနက် ၁၀နာရီခန့်အချိန်တွင် စတင်ကျင်းပရာ ထိပ်စားပွဲအလယ်၌ ဗိုလ်ချုပ်အောင်ဆန်း ထိုင်သည်။ ဗိုလ်ချုပ်၏လက်ဝဲဘက်၌ ဝန်ကြီးများအဖွဲ့အတွင်းဝန် ဦးရွှေဘော်သည်လည်းကောင်း၊ လက်ယာဘက်စားပွဲ၌ သခင်မြ၊ ဦးရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်းနှင့် မန်းဘခိုင်တို့ အစဉ်အတိုင်းသည်လည်းကောင်း၊ လက်ဝဲဘက်စားပွဲ၌ ဦးဘဲ ဂျမ်းဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွား ကြီးတို့ အစဉ်အတိုင်းသည်လည်းကောင်း ထိုင်ကြပြီးလျှင် လက်ယာဘက် သခင်မြတို့စားပွဲထိပ်ရှိ ကုလားထိုင်၌ အစည်းအဝေးတွင် စဉ်းစားသောကိစ္စနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန၏အတွင်းဝန်က ထိုင်ရသည်။

နံနက် ၁၀နာရီ မိနစ် ၃၀ခန့်တွင် လူသတ်သမားများရောက်လာချိန်၌ ဝန်ကြီးများအစည်းအဝေးတွင် ရှိနေသော အလုံည့်ကျအစိုးရအတွင်းဝန်မှာ ဦးအုန်းမောင် ဖြစ်သည်။ ဦးအုန်းမောင်ရောက်လာပြီး ၁၄၊ ၁၅ မိနစ်ခန့်အကြာ

www.burmeseclassic.com



တွင် လူသတ်သမားများ ရောက်လာခြင်းဖြစ်သည်။ အစည်းအဝေးအစီအစဉ်အရ ထိုအချိန်သည် ဦးအုန်းမောင်၏အလှည့်မကျရောက်သေး။ သံအမတ်ဟောင်း (ထိုအချိန်က အတွင်းဝန်) ဦးကြင်၏အလှည့် ဖြစ်သည်။ ဦးအုန်းမောင်က မိမိတွင် အခြားအရေးကြီးသော ကိစ္စတစ်ခုရှိနေသေးကြောင်း ဦးကြင်အားပြောပြ ခွင့်ပန်ပြီးလျှင် အစည်းအဝေးသို့ ဦးစွာလာ၍ သူ့ရေးထားသည့် သယ်ယူပို့ဆောင်ရေးစီမံကိန်းအကြောင်း ရှင်းလင်းတင်ပြခြင်းဖြစ်သည်။ အကယ်သာ အစည်းအဝေးအစီအစဉ်အတိုင်း စဉ်းစားဖြစ်လျှင် (သို့တည်းမဟုတ်) လူသတ်သမားများငါးမိနစ်ခန့်စော၍ရောက်လျှင် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် ရင်နင့်ဖွယ်ကိစ္စတွင် ဦးအုန်းမောင်၏အသက်တစ်ချောင်း အဆစ်ပါသွားခဲ့မည် မဟုတ်ပေ။

ထိုနေ့က ကျွန်တော်ထိုင်သောနေရာသည် လူသတ်သမားများဝင်လာသော တံခါးကို မျက်နှာမူလျက် ဖြစ်သည်။ တံခါးစောင့်ရုံးစေကို ဖယ်ရှား၍ တံခါးကို တွန်းပြီးဝင်လာကြသော စစ်ဝတ်စုံဝတ် လူသုံးလေးယောက်ကို မြင်ရသောအခါ ကျွန်တော်၏စိုင်း၌ အရေးတကြီးကိစ္စတစ်ခုအတွက် ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



သို့ သတင်းပို့ရန် လာခြင်းဖြစ်မည်၊ ဒီလူတွေဟာ နားမလည် တ် ဆိုးရွားလှသေးသည်၊ ဝန်ကြီးများအစည်းအဝေးခန်းထဲ တာတောင် သေနတ်တွေ အပြင်မှာမထားခဲ့ဘူး၊ ဗိုလ်ချုပ် း သူ့လူတွေ ဤကဲ့သို့ နောက်မလုပ်ရန် ဆုံးမထားပါဟု ဦးမည်စိတ်ကူးနေစဉ် ရေ့ဆုံးမှဝင်လာသူသည် အစည်း ဝေးစားပွဲကြီး၏ ဂယယ်ပုံအဝမှဝင်၍ အလယ်၌ ခြေစုံရပ်ပြီး င် ဗိုလ်ချုပ်အား စ၍ ပစ်လေတော့သည်။ ဗိုလ်ချုပ်သည် ်ရာမှထ၍ လက်ကာပြပြီးလျှင် တစ်ခုခုအော်၍ပြောသည်။ ာင်းကောင်း နားမလည်လိုက်ပါ။ လူသတ်သမားများ ပစ် တ်နေစဉ် ဗိုလ်ချုပ်သည် သူ၏လက်ယာဘက်နောက်ဆွယ် င်ရှိသော ရုံးစားပွဲသို့သွားရာ မရောက်မီ စားပွဲ ၂ခုအကြား၌ ဆုံးခဲ့လေသည်။

ဗိုလ်ချုပ်အား စတင်ပစ်ခတ်ချိန်၌ ဦးရွှေဘော်နှင့် ပျော် ယ်ဦးမြတို့သည် ပြတင်းပေါက်မှကျော်၍ အစည်းအဝေး န်းမနှင့်ကပ်လျက်ရှိသော ဦးရွှေဘော်၏ရုံးခန်းသို့ ထွက်ပြေး တ်ပြောက်ကြလေသည်။ ကွန်တော်သည် ပစ်သည်ကို မြင် င်မြင်ချင်း ကြမ်းပြင်ပေါ် သို့မှောက်၍ အိပ်ချလိုက်ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲဘက်တွင် ကပ်လျက်ထိုင်နေသူ ဦးအောင်ဇံဝေ၏လက်ကို ဆွဲ၍ချလိုက်သဖြင့် ကျွန်တော်တို့နှစ်ယောက် တစ်ပြိုင်တည်းလောက် ကြမ်းပြင်ပေါ်၌ မှောက်လျက်သားဖြစ်သွားကြပါသည်။

လူသတ်သမားများသည် ဗိုလ်ချုပ်နှင့် သခင်မြတို့ စားပွဲရှိ လူများအား ပစ်ပြီး၍ အားရမှ ကျွန်တော်တို့ထိုင်ရာဘက်သို့ ပစ်သဖြင့် ဗိုလ်ချုပ်အား မဲ၍ပစ်နေစဉ် ဦးရွှေဘော်နှင့် ပျော်ဘွယ်ဦးမြတို့ ပြေးချိန်ရခဲ့သည်။ ဦးအောင်ဇံဝေနှင့် ကျွန်တော်တို့မှာ ကြမ်းပြင်ပေါ်၌ လဲလျက်ရှိနေသဖြင့် ကျပြီးထင်၍ များများအပစ်မခံရ။ ထိုင်လျက်ရှိသူများကိုသာ အာရုံပြု၍ပစ်ခတ်ကြသည်။ ထိုင်သူများအား အတော်အားရလောက်အောင် ပစ်ခတ်ပြီးသည့်နောက် စားပွဲဝိုင်းအလယ်၌ ဝင်၍ပစ်သူသည် ဒူးထောက်၍ ကျွန်တော်တို့ဘက်သို့ ဝှေ့ယမ်းပစ်ခတ်သေးသည်။ ထိုသို့ပစ်ချိန်တွင် ကျွန်တော်၏ လက်ယာဘက်လက်သူကြွယ်ထိပ်ကို ထိမှန်ခဲ့လေသည်။ အုတ်နံရံမှ ပြန်၍ဝင်လာသော ကျည်ဆန်ဖြစ်သည်ဟု ယူဆပါသည်။

အပစ်အခတ်များရပ်စဲ၍ လူသတ်သမားများ ပြန်



www.burmeseclassic.com

www.burmeseclassic.com



တစ်စဉ် အခန်းတွင်းမှမထွက်သေးမီ ဦးအောင်ဇံဝေသည် အိပ် နေရာမှ ထထိုင်ပြီး "သေကုန်ကြပြီ၊ သေကုန်ကြပြီ" ဟု ထိမှန် ကြသူများအား လက်ညှိုးညွှန်၍ ဝမ်းနည်းပက်လက် ညည်းညူ သဖြင့် ထပ်ပစ်နေဦးမည်ဟုပြောပြီး ဆွဲလိုက်မှ ပြန်လှဲချလိုက် သည်။

ဦးစောသည် အကြံပက်စက်စွာ ဗိုလ်ချုပ်အောင်ဆန်း ၏ အစိုးရအဖွဲ့ဝင်များကို လုပ်ကြံခဲ့ရာတွင် မိမိအား သေနတ် ပစ်ခတ်ခဲ့ခြင်းအတွက် ရန်ငြိုးထားခြင်းကြောင့်တစ်ကြောင်း နိုင်သည်။ ထိုသို့ရန်ငြိုးထားခြင်းသည် မှားယွင်းသည်ဟု ဦးဘာ း‌က ဆောင်းပါးတွင် ဤသို့ ရှင်းလင်းဖော်ပြခဲ့၏။

နိုင်ငံရေးခေါင်းဆောင်များအား လုပ်ကြံရန် ဦးစော ၌လျက်ရှိကြောင်း ရက်ပေါင်းများစွာ ကြိုတင်၍ သတင်းရ ပါသည်။ စုံထောက်အစီရင်ခံစာများလည်း ထပ်ကာ ထပ်ကာ ခဲ့လေသည်။ အဖွဲ့၏ ဗဟိုအမှုဆောင်အစည်းအဝေးများ ၌ ထိုသတင်းအကြောင်း ဆွေးနွေးကြသောအခါများ၌ ဗိုလ် သည် လုံးဝ မယုံ ကြည်ခဲ့ပေ။

"ကျွန်တော်တို့အားလုံး နိုင်ငံအပေါ်မှာ စေတနာ



www.burmeseclassic.com

www.burmeseclassic.com



အပြည့်အဝနဲ့ ကိုယ်ကျိုးမဖက်ဘဲ ဆောင်ရွက်နေကြတာပဲ၊ ဒီသတင်း မမှန်နိုင်ပါဘူး၊ ဦးစော ဒါလောက် မမိုက်ရိုင်းနိုင်ပါဘူး။ ကျွန်တော်တို့ကိုသတ်လို့ သူ့မှာ ဘာအကျိုးရှိမှာလဲ၊ တိုင်းပြည်သာ နစ်နာမှာပေါ့၊ သူသတ်လို့ ကျွန်တော်တို့ ဒီနေ့ သေရင် နက်ဖြန် တစ်တိုင်းပြည်လုံး အုံကြွပြီး သူ့ကို စိစိညက် ညက်ချေမယ်ဆိုတာ သူသိမှာပဲ"

ဟူသော အဓိပ္ပာယ်သက်ရောက်သည့်စကားများကိုသာ ပြောလေ့ရှိပါသည်။

အကယ်၍ ဦးစောအား သေနတ်နှင့်ပစ်သည့်ကိစ္စ၌ ဗိုလ်ချုပ်၏ပယောဂသာ ပါခဲ့ပါလျှင် ဤမျှ ပြတ်ပြတ်သားသား စိတ်ချယုံကြည်မှု ရှိခဲ့မည်မဟုတ်ပါ။ ခိုးတတ်လျှင် ယိုးတတ်သည် ဟူသော စကားအတိုင်း မိမိကိုယ်တိုင်က မရှင်းလျှင် ဤမျှ လိပ်ပြာသန့်ခဲ့မည် မဟုတ်ပါ။ ကျွန်တော်တို့သည် ထိုအစည်း အဝေးများ၌ မိမိတို့ထင်မြင်ယူဆချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးလေ့ရှိကြသော်လည်း ဗိုလ်ချုပ်တို့အား လုပ်ကြံဖို့ ကြံ စားနေသည်ဆိုသောသတင်းကို ဗိုလ်ချုပ်ကိုယ်တိုင်က မယုံ ကြည်ဖြစ်နေသောအခါ ဗိုလ်ချုပ်၏အယူအဆကိုအားလုံးက



www.burmeseclassic.com

www.burmeseclassic.com



ဝင် လက်ခံခဲ့ကြရပါသည်။

ရခိုင်အမျိုးသားခေါင်းဆောင် ဦးအောင်ဇံဝေသည်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ အစိုးရအဖွဲ့တွင် ပါဝင်ခဲ့၍ လုပ်ကြံရာမှ သီသီလွတ်မြောက်ခဲ့လေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ရာထူးဝန်အဖြစ် နှစ်ပေါင်းများစွာ ဆက်လက်၍အမှုထမ်းခဲ့သော ဦးအောင်ဇံဝေက ထိုနံနက်ခင်းကို 'လမ်းစဉ်သတင်း' တွင် အောက်ပါကဲ့သို့ ထင်ထင်ရှားရှား မှတ်မိထား၏။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် ကျွန်ုပ်ကိုယ်တိုင် တစ်ခဏတာမျှ ခံစားလိုက်ရသော အတွေ့အကြုံနှင့် အနိဋ္ဌာရုံမြင်ကွင်းမှာ ကျွန်ုပ်၏တစ်သက်တာတွင် မည်သည့်နည်းနှင့်မျှ မေ့၍မရနိုင်တော့ပေ။

သေနတ်သံများစဲသွားပြီးနောက် လူသတ်သမားများ ထွက်သွား၍ အသံဗလံများ ဆိတ်ငြိမ်သွားသောအခါတွင်မူ ကျွန်ုပ်နှင့် ဝန်ကြီးဦးဘဂျမ်းတို့သည် ဝမ်းလျားမှောက်နေရာမှ ထပြီး စားပွဲပတ်ဝန်းကျင်ကို ကြည့်မိကြသည်။ ကျွန်ုပ်မှတ်မိသောမြင်ကွင်းကို ဖော်ပြရလျှင် ပေ ၄၀ ပတ်လည်ခန့်မျှရှိသော ခန်းမကြီးတစ်ခုလုံး ဆီးနှင်းများကျသကဲ့သို့ ယမ်းငွေ့များ



www.burmeseclassic.com

www.burmeseclassic.com



တထောင်းထောင်းနှင့် ဖုံးလွှမ်းနေပြီး ကျည်ဆန်များကလည်း ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲ၍နေပေသည်။

ဗိုလ်အောင်ကျော်လမ်း (ထိုစဉ်က စပတ်လမ်း) ဘက်သို့ မျက်နှာပြုထားသော ဂဝေယ်သဏ္ဌာန် စားပွဲထပ်နှင့် ခပ်လှမ်းလှမ်းကြမ်းပြင်ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းမှာ တုံးလုံးလဲလျက် ငြိမ်သက်နေသည်။ စားပွဲလက်ယာဘက်တွင် မိုင်းပွန်စော်ဘွားကြီး စောစံထွန်းက သူ၏ကုလားထိုင်ပေါ်တွင်ပင် ထိုင်လျက် စားပွဲပေါ်သို့ ကုန်း၍ လက်ထောက်ထားပြီး ပါးစပ်ကိုဟထားရာ ပါးစပ်မှ သွေးများ ယိုစီးကျနေသည်။

စားပွဲလက်ဝဲဘက်တွင် ထိုင်နေကြသော ဝန်ကြီး သခင်မြသည် စားပွဲထပ်လက်ဝဲဘက် ထောင့် စားပွဲအောက်နား၌ မှောက်လျက်လဲနေရာ သေဆုံး နေပြီဟု ယူဆရသည်။ ဝန်ကြီး မစ္စတာရာဇတ်၊ ဝန်ကြီး ဒီးဒုတ်ဦးဘချို၊ ဝန်ကြီး ဦးဘဝင်းနှင့် ဝန်ကြီး မန်းဘခိုင်တို့သည် သူတို့ ထိုင်မြဲကုလားထိုင်များတွင် ခေါင်းငိုက်စိုက်ကျလျက် ငြိမ်သက်နေကြသည်။

မစ္စတာရာဇတ်နှင့် ဒီးဒုတ်ဦးဘချိုတို့ နှစ်ဦးတည်းသာ မသေဆုံးကြသေးဘဲ အံနည်းငယ်စီ အသက်ရှူရှိုက်နေပုံရှားနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စားပွဲ၏လက်ယာဘက် ကျွန်ုပ်နှင့် မိုင်းပွန်စော်ဘွားကြီး အကြားတွင် ထိုင်နေသော ဝန်ကြီး ပျော်ဘွယ်ဦးမြနှင့် စားပွဲထိပ် ဗိုလ်ချုပ်အောင်ဆန်း လက်ယာဘက်တွင်ထိုင်နေသော အတွင်းဝန် ဦးဧွှေဘော်တို့နှစ်ဦးစလုံးမှာ အပြင်ဘက်သို့ အချိန်မီ ရောက်ရှိသွားနိုင်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်သွားခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ လက်ဝဲဘက်တွင်ထိုင်သော အတွင်းဝန် ဦးအုန်းမောင်မည်သည့်ပုံစံဖြင့် သေဆုံးနေသည်ကို မူ မမှတ်မိတော့ပါ။

ဦးစောသည် ထိုလုပ်ကြံမှုကြီးကို အောင်မြင်ထမြောက်အောင် လုပ်နိုင်ခဲ့ခြင်းမှာ ဇူလိုင်လ ၁၉ ရက်နေ့ နံနက်တွင် ဝန်ကြီးများအစည်းအဝေး ပြုလုပ်မည့်သတင်းကို ဦးစော ကြိုတင်သိရှိနေခြင်းကြောင့်ပင်ဖြစ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အကြံကြီးသော ဦးစော

ဦးစောသည် အကြံကြီးသူ ဖြစ်ခဲ့၏။ အကြံကြီးသလောက် ဉာဏ်ကောင်းသည်။ ပရိယာယ် ကြွယ်သည်။ အပြောကောင်းသည်။ ဇက်ရဲလက်ရဲရှိသည်။ ထို့ကြောင့် သာယာဝတီခရိုင်မှ အညတရဦးစောသည် နန်းရင်းဝန်၊ ဂျူနိစစ်သူကြီး ဦးစောအဖြစ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်း ဖြစ်သည်။

သူ့ကိုပစ်ခတ်ခြင်းကြောင့် ဗိုလ်ချုပ်အောင်ဆန်းအပေါ် သံသယရှိကောင်း ရှိခဲ့ပေလိမ့်မည်။ သို့ရာတွင် ထိုသို့ပစ်ခတ်သည်ကို ငြိုး၍၊ အထင်အမြင်လွဲမှား၍သာ ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံခြင်းကား မဟုတ်နိုင်ပါ။ အာဏာမက်မော၍၊ ထိုအာဏာကို ပြည်သူထံမှ ကြည်ဖြူစွာမရနိုင်သည်ကို သိမြင်၍၊ ဗမာပြည်လွတ်လပ်ရေးရပြီးလျှင် ပို၍ပင် အာဏာရရန်ခက်မည်ကို သိမြင်၍ လွတ်လပ်ရေးအကြိုကာလတွင် ခြေရှုပ်လိုသော အင်္ဂလိပ်ကုန်သည်၊ အရာရှိ စစ်ဗိုလ်များကလည်း ကူညီရန်အသင့် ရှိနေကြ၍ ဤသို့သောအကြောင်းများ ဆုံညီနေ၍ ဦးစော ကြံစည်အားထုတ်အောင်မြင်ခဲ့ခြင်း ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်လူလတ်များကို အယုံသွင်း လက်သပ်မွေးရာ
င် ဦးစောသည် ပရိယာယ်အမျိုးမျိုးကို သုံးစွဲခဲ့၏။ ငွေရပေါက်
လမ်းကို ပြ၍ ဆွယ်၏။ နိုင်ငံရေးအာဏာ ရပေါက်ရလမ်းကို
၍ ဆွယ်၏။ မျိုးချစ်စိတ်ဓာတ်ကို နှိုးဆွ၍ ဆွယ်၏။ နန်း
းဝန်ဟောင်းတစ်ယောက်၏ အရှိန်အဝါဩဇာကို ပြ၍ ဆွယ်
သူ့အိမ်သို့ အင်္ဂလိပ်စစ်ဗိုလ်ကြီးများ ဝင်ထွက်ကြပုံကို ပြ၍
ငယ်များအား သူ့ကို အထင်ကြီးစေ၏။ ဤသို့သော နည်းမျိုး
ဖြင့် တစ်စ တစ်စ၊ တစ်ယောက်စ နှစ်ယောက်စဖြင့် စု
ဆောင်းလာကာ လက်နက်အသင့်ဖြစ်သောအခါ လက်ဦးစွာ
သ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံခဲ့ခြင်းဖြစ်၏။

■



www.burmeseclassic.com

www.burmeseclassic.com

# လုပ်ကြံမှု၏နောက်ဆက်တွဲဖြစ်ရပ်များ

www.burmeseclassic.com

www.burmeseclassic.com

## အထင်နှင့်အမြင်လွဲခဲ့သော ဦးစော

'အောင်ပြီ' ဟု ကြွေးကြော်ခဲ့သော ဇူလိုင်လ ၁၉ ရက် တစ်မနက်လုံး သူ၏အေဒီလမ်းနေအိမ်၌ ဘုရင်ခံထံမှ အစိုးရဖွဲ့ရန် ဖိတ်ကြားချက်ကို စောင့်မျှော်ခဲ့၏။ တယ်လီဖုန်းဖြင့် ဖိတ်မည်လော။ အခေါ်တော်လွှတ်၍ ဖိတ်မည်လော။ တစ်ခုခုတော့ သေချာသည်ဟု ယူဆခဲ့၏။ အဘယ်ကြောင့်ဆိုသော် ဦးစောသည် ခြေရာ မဖျောက်၊ သူ့လူများကို မဖြုန့်။ အိမ်၌သာ ကုန္ဒြေရရ စောင့်စားခဲ့ခြင်းကြောင့်ဖြစ်သည်။

ပြေးလျှောင်လည်း ဝေးဝေးရောက်မည်မဟုတ်။ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြန့်လျှင်လည်း ပျောက်မည်မဟုတ်။ ခြောင်ခြောင်ပွင့်ပွင့် ရက်ပေါင်းများစွာက ပြင်ဆင်ခဲ့သည့် လုပ်ကြံမှုကြီးဖြစ်သည်။ ခမြင်၊ မကြားချင်အဆုံး ပစ်ခတ်ကြ၊ လေ့ကျင့်ကြ၊ ထောင်နက် တွေကို ကားကြီးများဖြင့် သယ်ဆောင်ကြ၊ ဂျစ်ကားများ ထိုကြ ထွက်ကြ၊ တရှုရှု အလုပ်များခဲ့သည့် ဦးစော၏အိမ်နှင့်ဝင်းခြံ။

ထိုလုပ်ကြံမှု၏ ဗဟိုဌာနသို့ ထင်ထင်ရှားရှားသယ်ဆောင် နေသည့် ခြေရာများက အနံ့အပြား ရှိနေသည်။ ထိုခြေရာ ဖုံးကွယ်နေ၍ မထူးတော့ပြီ။ ဘာဖြစ်မည်ကိုသာ တည်တည် ငြိမ်ငြိမ် စောင့်တော့မည်ဟု ဦးစော ဆုံးဖြတ်ခဲ့သည်။

သို့ရာတွင် သူမျှော်သော ဘုရင်ခံ၏အခေါ်တော်တား ပေါ်မလာ။ ထိုနေ့ မွန်းလွဲပိုင်းတွင် ဝင်းနှင့်ခြံကို ရဲတပ်ဖွဲ့ထ ဝိုင်းလေသည်။ မှူးကြီးသည် ဝင်းအတွင်း တန်းလျားတစ်နေရာမှ ခုခံ ပစ်ခတ်သဖြင့် ရဲတို့က ပြန်လှန်ပစ်ခတ်ကြရာ မှူးကြီး၏လက် မောင်းတွင် ထိမှန်လေသည်။ ထိုမှတစ်ပါး တိုက်ခိုက်မှုမရှိ။

ထို့နောက် ဦးစောအိမ်ကို ရှာခွင့်တောင်းလိုက်လေ သည်။ ထိုအခါ ဦးစောက ခရိုင်ရဲဝိုလ်မှူးခန့် အဆင့်အတန်း ရှိမည်ထင်ရသော အရာရှိအား . . .



www.burmeseclassic.com

www.burmeseclassic.com



"ရှာချင်တယ်ဆို ခင်ဗျားတို့ဆီမှာ ရှာဖွေဖို့ဝရမ်း ပါ
သလား"

ဟု ခပ်တည်တည်မေးလိုက်ရာ အရာရှိကြီးက တယ်
လီဖုန်းသွားဆက်ပါသည်။ ထို့နောက် . . .

"ရှာဖွေခွင့် အမိန့်ပေးပါတယ်"

ဟု ခပ်အေးအေးပင် ပြန်ပြောပါသည်။ လက်တစ်
ဖက်က ဝီစကီဖန်ခွက်ကလေးကို ကိုင်လျက် တစ်ခါ တစ်ခါ
ဖြည်းဖြည်းသောက်လိုက်၊ ခပ်ရွှင်ရွှင် စကားလှမ်းပြောလိုက်နှင့်
လုပ်နေပါသည်။ ပုလိပ်များရှာသည့်နောက်သို့ လိုက်မသွားပါ။
ထိုင်မြဲထိုင်နေပါသည်။ သူ့အိပ်ခန်းထဲမှ ကျည်ဆန်အမြောက်
အမြားကို ရဲများက ဆွဲထုတ်လာကြသည်ကိုလည်း သူ လှည့်
မကြည့်ပါ။

"ကဲ ရှာဖွေပြီးရင် ခင်ဗျားတို့အစီအစဉ်က ဘာတဲ့တုံး"

ဟု ရဲအရာရှိအား ဦးစောက လှမ်းမေးလိုက်ပါသည်။
အရာရှိကြီးလည်း တယ်လီဖုန်း ဆက်ပြန်ပါသည်။

"လုံခြုံစိတ်ချရရေးအတွက် ခေါ်ခဲ့ဖို့ အမိန့်ပေးပါတယ်"

ဟု ရိုသေစွာ ပျော့ပျော့ပျောင်းပျောင်း ပြန်ပြောပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးစောက . . .

"ကျုပ်တစ်ယောက်တည်းလား"

ဟု မေးမြန်းရာ တယ်လီဖုန်းဆက်ပြန်ပါသည်။

"အားလုံးကိုပဲ အန္တရာယ်မရှိရအောင် လုံခြုံစိတ်ချရရေး အတွက် ဖမ်းဖို့ အမိန့်ပေးပါတယ်"

ဟု ပြန်ပြောပါသည်။

"ကဲ ကဲ . . . မသက်ာလို့ ကျုပ်တို့ကို ခဏ ဖမ်းမလို့တဲ့ . . . အသင့်ပြင်ကြ၊ အသင့်ပြင်ကြ၊ အိပ်ရာလိပ်တို့ ဘာတို့ ယူခဲ့ ကြ၊ ဟိုရောက်တော့ သူတို့ပေးဖို့ လွယ်ချင်မှလွယ်လိမ့်မယ်၊ သုံးလေးရက်ကြာချင်လည်း ကြာလိမ့်မယ်"

စသည်ဖြင့် ဦးစောက ခပ်အေးအေးပင် လှမ်းပြောပါ သည်။ ထို့နောက် ယောက်ျားကြီး ၃၀ ကျော် အားလုံးကို အင်း စိန်ထောင်သို့ပို့ပါသည်။ ကိုနီမိန်းမ၊ ခင်မောင်ရင့်မိန်းမနှင့် အခိုင်းအစေ ကလေးမကလေး၊ အခိုင်းအစေ ယောက်ျားက လေးတို့ကိုလည်း ဖမ်းသည်ဟု နောက်တော့ ကြားရပါသည်။

အင်းစိန်ထောင်သို့ရောက်သောအခါ မှောင်နေပါပြီ။

●



www.burmeseclassic.com

www.burmeseclassic.com


## ဦးစောဏ်ထောင်သားဘဝ

ပထမညတွင် အားလုံး အတူတူ အိပ်ကြရပါသ
နောက်နေ့ နေ့လယ်တွင် ဦးစောကို ခွဲထားလိုက်ပါသည်။
ရက်ခန့်ကြာသောအခါ ခင်မောင်ရင်ကို လာခေါ် သွားသည်
ထို့နောက် အခြားသူများကိုပါ ခေါ်ခေါ် သွားသည်။ ထို့နော
ဘားလမ်းတွင် အချို့ သွားစုမိကြပြန်သည်။

ဦးစောကို ဇူလိုင်လ ၂၁ရက်နေ့က ရန်ကုန်ဗ
အကျဉ်းထောင်သို့ပြောင်းရာ ထောင်တံခါးရှေ့တွင် စုမိ
သောလူထုက 'ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံသူကို ချေမှ
ကြ' ဟု အောင်ဟစ်ကြသည်။ လူထုနည်းဖြင့် စီရင်မည်ဟ
ဒေါသတကြီး တောင်းဆိုကြသည်။ ရဲတပ်ဖွဲ့က ဦးစောကို အထ
စောင့်ရှောက်၍ ခေါ်ဆောင်သွားရလေသည်။

●


www.burmeseclassic.com

www.burmeseclassic.com



## လုပ်ကြံသူများ၏ထောင်တွင်းဖြစ်ရပ်

အချုပ်ခန်းများတွင် လူစုခွဲ၍ထားသော တရားခံများကို ရဲအရာရှိများက ညှဉ်းပန်းနှိပ်စက်ခြင်းမပြုခဲ့ကြရာ အမှုကို စုံစမ်းစစ်ဆေးခဲ့သော ရဲအရာရှိကြီးတစ်ဦးက ပြောကြားသည်။ တရားခံများကို ကောင်းမွန်စွာထားသည်။ ကြင်နာစွာ ဆက်ဆံသည်။ သတင်းစာများကို ဖတ်ခွင့်ပြုသည်။

လုပ်ကြံမှုများကြီးကြောင့် နိုင်ငံ မည်မျှနစ်နာဆုံးရှုံးရသည်၊ ပြည်သူတို့ မည်မျှ ပုန်ကန်နေကြသည်ကို သူတို့ သတင်းစာများမှ ဖတ်ရှုကြရသည်။ သူတို့ကျူးလွန်ခဲ့ကြသော ပြစ်မှုကြီး၏ပမာဏကို သူတို့ တစ်စ တစ်စ ခန့်မှန်း၍ ရနိုင်လာကြသည်။

ထိုအခါ ဦးစော၏ တပည့်ရင်းဖြစ်သူ မောင်စိုးနှင့် သက်နှင်း၊ လက်မောင်းဒဏ်ရာကို ကုသနေရသော မှူးကြီးတို့မှ အပ အခြားတရားခံများက ဖြောင့်ချက်များပေးလာကြသည်။ ဦးစောအိမ်အနီး ရေကန်ထဲ၌ လက်နက်စည်ပုံးများ ချထားပေးသောနေရာ စသည်တို့ကို လိုက်လံပြသကြသည်။

အများကိုမြင်၍ မြင်ခဲ့သမျှကို ဖော်ထုတ်ခြင်းသည်း ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မဖော်၍ မထူး၊ အားလုံး ပေါ်ကုန်ပြီ။

လွယ်လွယ်နှင့် အောင်ပွဲခံ၊ အာဏာရကြမည့်အစား လက်ပူးလက်ကြပ် အမိခံ၍ ထောင်နန်းစံကြရပြီ။ ဖော်ပြောမှ ပင် သက်သာတော့မည်ဟု ယူဆကြခြင်းလည်း ပါမည်။

ဇူလိုင်လ ၁၉ရက်နေ့တွင်ပင် တရားခံများကိုဖမ်း၊ လက် နက် သက်သေခံအထောက်အထားများကို ရှာဖွေ သိမ်းဆည်း၊ တရားခံများက တစ်ယောက်စီ ဖြောင့်ဆို၊ စုံစမ်းထောက်လှမ်း ရန် ရှိသည်တို့ကို ဖိဖိစီးစီးပြုလုပ်နိုင်ခဲ့ကြသဖြင့် လုပ်ကြံမှုကြီးကို ရုံးသို့တင်ရန် ဩဂုတ်လအတွင်း၌ပင် အသင့်ဖြစ်ခဲ့လေသည်။

မှုခင်းများကို မှန်မှန်မြန်မြန်စစ်ဆေးစီရင်နိုင်မှ ထိ ရောက်သည်။ နိုင်ငံတော်လုပ်ကြံမှုကိုမူကား အမြန်ဆုံး၊ အမှန် ဆုံး စစ်ဆေးစီရင်ရန် လိုလေသည်။ ထိုသို့ဖြစ်မြောက်နိုင်ရန် ရဲတပ်ဖွဲ့၊ စုံထောက်ဌာန၊ ဥပဒေအရာရှိများ၊ သက်ဆိုင်ရာဌာန များက အစွမ်းကုန်ကြိုးပမ်းကြသည်။

တရားခံများကိုလည်း လုံခြုံအောင် ထိန်းသိမ်းကြရ၏။ အကျဉ်းထောင်တာဝန်ခံများသည် အထူး သတိ ဝီရိယထားကြ ရသည်။ အထူးသဖြင့် ဦးစောကို ဂရုစိုက်၍ စောင့်ကြရသည်။

●

ရွှေသစ္စာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## မာန်မကျသေးသောဦးစော

ဦးစောသည် နန်းရင်းဝန်ဟောင်းတစ်ယောက်၏ ဟန်ပန်ကို ထောင်တွင်နေနေ၊ အမှုကို ခုံရုံးတင်သောအခါ ရုံးသို့ နေ့စဉ်တက်တက် ဟန်မပျက်အောင် ဆောင်လေ၏။ သူ့ကို ကောင်းစွာထားကြသည်။ သူသည် ဇန်ကောက်လုံချည်၊ ပိုးလုံချည် အလဲလဲ ဝတ်ဆင်သည်။

နိုင်ငံရေးသက်တမ်းတွင် သူသည် ထောင်ကျခဲ့ဖူး၏။ သူ့ပြိုင်ဖက်များကို ထောင်သို့ပို့ဖူး၏။ ထို့ကြောင့် သူနှင့် ထောင်သည် သူစိမ်းများမဟုတ်ကြချေ။ ထောင်အရာရှိများကို ဦးစောက ခင်မင်ဖော်ရွေစွာ ဆက်ဆံသည်။ တစ်နေ့တွင် အာဏာရနိုင်သေးသည့် ဝန်ကြီးချုပ်လောင်းတစ်ဦးလိုလည်း ဆက်ဆံသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## ဦးစောရဲ့ထောင်တွင်းကြိုးစားမှု

အစိုးရက တစ်ဖက်တွင် ဦးစောကို စောင့်ရှောက် ထိန်းသိမ်းပေးရသည်။ တစ်ဖက်တွင် သူ ထွက်မပြေးအောင် ဂရုစိုက်ကာကွယ်ရသည်။ ထိုစဉ်က ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း၊ ပါလီမန်အတွင်းဝန် ဦးထွန်းဝင်း (ထိုင်းနိုင်ငံ မြန်မာသံအမတ်ကြီးဟောင်း)၊ သခင်ပန်းမြိုင် (ဝန်ကြီးဟောင်း) စသော အစိုးရနှင့် ဖဆပလ ဆိုရှယ်လစ်ပါတီတို့မှ ပုဂ္ဂိုလ်များသည် ထောင်ကိုအုပ်ချုပ်ကြီးကြပ်ခြင်းအထိ နေ့စဉ် ဂရုစိုက်ကြရလေသည်။ တရားဌာနအတွင်းဝန် ဦးသောင်းစိန် (အငြိမ်းစားတရားလွှတ်တော်တရားဝန်ကြီး) ကလည်း အကျဉ်းဌာနမင်းကြီး ဦးဘမောင်နှင့်အတူ အကျဉ်းထောင်လုံခြုံရေးကို ကြပ်မတ်ရသည်။

ဦးစောက ထောင်မှလွတ်မြောက်ရန် ဆက်သွယ် ကြံစည်ခဲ့သေး၏။ တစ်သိန်းပေးမည်၊ သူ့ကိုလွတ်မြောက်အောင် လုပ်ပေးပါဟု ဆွယ်၏။ အရာရှိက အထက်လူကြီးများထံ အစီရင်ခံရာ စိတ်ဝင်စားလေဟန်ပြု၍ ဦးစော၏အဆက်အသွယ်များကို ဖော်ထုတ်ရန် စီစဉ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေရရှိရေးအတွက် ဦးစောက ကပ္ပတိန်ဗီဖြင် ဆိုသူထံ စကားဝှက်ဖြင့်ရေးထားသော စာတိုတစ်စောင် ပို့စေ၏။ စာများကိုဖတ်၍ ကူးယူပြီးသော် ဦးစောမှာသည့်အတိုင်း ပို့ပေးစေကြသည်။ ဗီဖြင်သည် ဘရင်းသေနတ် ၂၀၀ ထုတ်ပေးခဲ့မှုနှင့် အချုပ်ခံနေရလေသည်။ ဦးစောနှင့် မဝေးလှသောအဆောင်တွင် ဘဝတူဖြစ်နေ၏။

ဗီဖြင်က စာရ၍ ဦးစော၏စကားဝှက်ကို ဖတ်၏။ 'သန်းခေါင်ယံ၊ လှေကားပေါ်၊ ဝှက်ပျော့သီးစိမ်းစိမ်း၊ ဒေးဗစ်၏ရည်းစား၊ လယ်မွန်နိတ်' ဟု တစ်စောင်ကဆိုရာ အချင်းချင်းနားလည်မှုရှိပြီးသော ကပ္ပတိန်ဗီဖြင်က နားလည်သည်ဟု စာပြန်လေသည်။ ဗီဖြင်က ဦးစောသို့ပေးပို့သော နောက်စာတစ်စောင်တွင် 'အရပ်ရှည်တဲ့လူထံက အကူအညီတောင်းပါလား' ဟု အကြံပေး၏။

ထိုအချိန်လောက်က အင်္ဂလိပ်လူမျိုး အရပ်ရှည်ရှည်လူတစ်ယောက် နိုင်ငံရေးခြေရှုပ်နေ၍ ပြန်ပို့ခဲ့ဖူး သည်။

ပြည်တွင်းနိုင်ငံရေး ရှုပ်ထွေးချိန်၊ ညီညွတ်မှု ယိမ်းယိုင်ချိန်များတွင် ပြည်ပရန်သူ ချဉ်းနင်းဝင်ရောက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကာနယ်တလော ဆိုသူနှင့် သတင်းထောက် မစ္စတာကင်းဗဲ တို့သည်လည်း ထိုအချိန်တစ်ပိုက်က တိုင်းရင်းသားလူမျိုးတစ်စု ကို လှုံ့ဆော်ပေးနေသဖြင့် ဗြိတိသျှမဟာမင်းကြီးကပင် မြန်မာ အစိုးရသို့ ထုတ်ဖော်တိုင်ကြားခဲ့ရသည်။ တလောနှင့် ကင်းဗဲ တို့ကိုလည်း တိုင်းပြည်မှ နှင်လိုက်ရလေသည်။

'အရုပ်ရှည်တဲ့လူ' ထံမှ အကူအညီမရသောအခါ ဦးစောသည် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ရန် ကြံစည်ခဲ့သေး၏။ ရန်ကုန်မြို့ပြင်တစ်နေရာမှာ အဆက်အသွယ်တစ်ဦးထံ စာပို့ စေရာတွင် . . . 'ကုတ်ကိုင်းကန်မှာ ငါးမရှိ'

ဟု စကားဝှက်ဖြင့် ရေးသားရာ စာဖတ်ရသူက . . .

"ခြောက်လုံးပူးသေနတ်တစ်လက် ရှာပေးစမ်းပါ။ ကျွန်တော်တို့ဆီမှာတော့ မရှိဘူး"

ဟု စာယူလာသူကို ပြောလေသည်။ ခြောက်လုံးပူးကို လည်း မရ။ ဦးစော၏အကြံ ပျက်ရပြန်သည်။

ရေကန်ထဲ၌ ငါးမရှိ။ ဒေးဗစ်၏ရည်းစားကို မျှော်သော မျှော် ပေါ်မလာ။ အရုပ်ရှည်တဲ့လူကြီးလည်း မကူညီ။ အကြံ အစည် တစ်ခုပြီးတစ်ခု ပျက်ခဲ့ရသော ဦးစောသည် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထားမပျက်၊ ဟန်ပန်မညှိုး။ ခုံရုံးသို့ အမှုတင်သောအခါ ဦးစော သည် နန်းရင်းဝန်တစ်ဦး ပွဲတက်သည့်အသွင်ကို ဆောင်၍ သွားရောက်လေသည်။

●

## နိုင်ငံတော်လုပ်ကြံမှုအတွက် တရားစီရင်ရန် အထူးခုံရုံးဖွဲ့စည်းခြင်း

၁၉၄၇ခုနှစ်၊ ဩဂုတ်လ ၃၀ရက်နေ့တွင် ဘုရင်ခံက လုပ်ကြံမှုကို စစ်ဆေးစီရင်ရန် အထူးခုံရုံးဖွဲ့စည်းသည့် ဥပဒေကို ထုတ်ပြန်လေသည်။ ခုံရုံးတွင် နာယကနှင့် အဖွဲ့ဝင်နှစ်ဦး ပါ ဝင်ရမည်။

အထူးခုံရုံးဖြင့် စစ်ဆေးရန်စီစဉ်သည်မှအပ အမှု အတွက် အထူးဥပဒေများ ထုတ်ပြန်ခြင်းမပြု။ ကျူးလွန်စဉ်က တည်ရှိနေသော ဥပဒေများဖြင့်သာ ဖေါ်ပေါက်သော ပြစ်မှု များကို စီရင်ဆုံးဖြတ်ရန် ဖြစ်ပေသည်။ တစ်နည်းဆိုသော် တည် ဆဲဥပဒေများအရသာလျှင် ပြစ်မှုထင်ရှားလျှင် ပြစ်ဒဏ်သင့် မှတ်ရန် ဖြစ်၏။ နောက်ကြောင်းပြန်ဥပဒေ ထုတ်ပြန်ခြင်းမပြု။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က တရားလွှတ်တော်တရားဝန်ကြီးချုပ် ဖြစ်ခဲ့သော ဆာဘဦးက အထူးခုံရုံးအတွက် နာယကနှင့်အဖွဲ့ဝင်များ ရွေးချယ်ပေးခဲ့ရ၏။

တရားလွှတ်တော် တရားဝန်ကြီး ဦးကျော်မြင့်သည် အထူးခုံရုံး နာယကတာဝန်အတွက် အထူးသင့်မြတ်သော ပုဂ္ဂိုလ် ဖြစ်လေသည်။ ကိုယ့်ဒူးကိုယ်ချွန် ပညာသင်ခဲ့သည်။ လန်ဒန်သို့ ဝတ်လုံပညာများသင်ယူရန် မသွားမီ ရန်ကုန်မြို့၌ စာရေးလုပ်ခဲ့ဖူး၏။ တစ်နေ့တွင် သူ၏အလုပ်ရှင် အမေရိကန် တစ်ဦးနှင့် စကားများ၍ အလုပ်ထွက်ခဲ့သည်။ သူက ရုံးတက်၍ အလုပ်ရှင်ကို တရားစွဲခဲ့သေး၏။ ရှေ့နေကြီးဦးမြင့် (နောက် ဥပဒေ ပါမောက္ခ) က ဦးကျော်မြင့်ဘက်မှ လိုက်ပါဆောင်ရွက်ခဲ့လေသည်။ အင်္ဂလိပ်လူမျိုး တရားသူကြီးက ပြုံးပြုံးရယ် ရယ် အမှုစစ်ဆေးခဲ့လေသည်။

"သူက ခင်ဗျားကို ခွေးမသားဗမာလို့ဆဲတာ အမှန် ပဲလား"

ဟု တရားလိုဦးကျော်မြင့်ကို မေးသည်။

"အမှန်ပါပဲ" ဟု တရားလိုက ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်ဗျားကကော ဘယ်လိုပြန်ပြောလိုက်သေးသလဲ"

"ခွေးမသား အမေရိကန်လို့ ဆဲလိုက်တာပေါ့"

ဟု ဦးကျော်မြင့်က ဟုတ်တိုင်းမှန်ရာ ဝန်ခံလိုက်၏။

"ဒါဖြင့် ကျေရောပေါ့ဗျာ"

ဟု တရားသူကြီးက ဆုံးဖြတ်လိုက်လေသည်။ အမှုမှာ နိုင်လည်းမနိုင်၊ ရှုံးလည်းမရှုံးသော်လည်း ဦးကျော်မြင့်က ရှေ့နေကြီးဦးမြင့်ကို ရှေ့နေခ ၃၄ ကျပ် မယူမနေရ ပေး၏။ ထိုရှေ့နေခဖြင့် နှစ်ဦးသား အမှတ်တရ အဝစားသောက်လိုက်ကြ၏။

လန်ဒန်တွင် ဦးကျော်မြင့်သည် ဘီရှအေ၊ အမ်အေဘွဲ့ မယူ။ အောက်စဖို့တက္ကသိုလ်၊ ကင်းဗရစ်တက္ကသိုလ်သို့ မသွားရ။ လည်ရင်းပတ်ရင်းနဲ့ ဝတ်လုံအဖြစ်ကိုသာ ယူခဲ့လေသည်။ မြန်မာပြည်သို့ ပြန်ရောက်သောအခါ သူသည် ရှေ့နေလိုက်၏။ နိုင်ငံရေးနယ်တွင် လှုပ်ရှား၏။ ဒေါက်တာဘမော်၊ ရမ်းဗြဲ ဦးမောင်မောင်တို့နှင့် 'မော်၊ မြင့်၊ ဗြဲ'အဖွဲ့ ထူထောင်လိုက်သေး၏။ ဗမာပြည်ကို အိန္ဒိယမှ ခွဲထုတ်ယူခြင်းမပြုမီ ဒေလီတွင် စည်းဝေးသော ဗဟိုဥပဒေပြုလွှတ်တော်တွင် ဗမာ



www.burmeseclassic.com

www.burmeseclassic.com



ပြည်မှ ရွေးချယ်စေလွှတ်သော အမတ်အဖြစ် တက်ရောက်ခဲ့၏။ ဒေလီတွင်လည်း တစ်ချီ တစ်ချီ သူထ၍ ဒေါမာန်ပါပါ ဟောပြောခဲ့လေသည်။ အဆိုတွေ တင်သွင်းခဲ့လေသည်။

ကျောင်းသားသပိတ်များတွင် ဦးကျော်မြင့်သည် မကြီးလွန်းသော လူကြီးတစ်ယောက်အနေဖြင့် အားပေးကူညီခဲ့၏။ ရွှေတိဂုံဘုရားသပိတ်စခန်းသို့ မကြာခဏ သွားရောက်ကာ ကျောင်းသားကျောင်းသူများကို အားပေးစကား ပြောကြားတတ်၏။

၁၉၄၆ခုနှစ်၊ ဦးကျော်မြင့် အသက် ၄၉ နှစ် အရွယ်၌ တရားဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ တရားဝန်ကြီးဖြစ်လျှင် တည်တည်ငြိမ်ငြိမ်နှင့် ဆရာတော်ကြီးလို နေရတော့မည်။ ဦးကျော်မြင့်၏လှုပ်ရှားမှု ကုန်ပြီဟု ထင်မှတ်ရလေသည်။ သို့ရာတွင် မဟုတ်သေး။ ဗမာပြည် လွတ်လပ်ရေးရပြီးသောအခါ ဦးကျော်မြင့်သည် တရားလွှတ်တော်ချုပ် တရားဝန်ကြီး ဖြစ်လာ၏။ နှစ်အတန်ကြာသော် နုတ်ထွက်၍ ရှေ့နေလိုက်ပြန်၏။ တက္ကသိုလ်တွင် ဥပဒေပါမောက္ခအဖြစ်လည်း တစ်ဖက်မှ ထမ်းရွက်ခဲ့၏။ ထို့နောက်လည်း နိုင်ငံတော်တရားရုံးချုပ်တွင် ရှေ့နေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ ဆောင်ရွက်ဆဲ၊ ပဟာပြောရေးသားဆဲ၊ တစ်ချို့ တစ်ချို့ ဒေါ်မာန်ပါပါ လက်သီးလက်မောင်းတန်းဆဲ ဖြစ်၏။

●

## နာယကကြီးဦးကျော်မြင့်နှင့် အထူးခုံရုံးအဖွဲ့ဝင်များ

ဦးကျော်မြင့်ကို အထူးခုံရုံးနာယက ရွေးချယ်ရာတွင် ဆာဘဦးနှင့် ဘုရင်ခံ ဆာဟူးဘတ်ရန့်တို့သည် လူရွေးတော်ခဲ့ကြသည်။

အထူးခုံရုံးအဖွဲ့ဝင်များအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသော ဦးအောင်သာကျော်နှင့် ဦးစိဘူးတို့သည် ရခိုင်သားများ ဖြစ်ကြလေသည်။ ဝါရင့်သော စက်ရှင်တရားသူကြီးများ ဖြစ်ကြ၍ တရားဝန်ကြီး ဖြစ်ခါနီးနေကြလေပြီ။ ဦးအောင်သာကျော်သည် တရားလွှတ်တော် တရားဝန်ကြီးဖြစ်ပြီးနောက် တရားလွှတ်တော်ချုပ် တရားဝန်ကြီးအဖြစ် တိုးမြှင့်ခန့်အပ်ခြင်း ခံရသေးသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## တရားမျှတသောတရားရေး

ဘုရင်ခံသည် အထူးခုံရုံးကို ၁၉၄၇ခုနှစ် စက်တင်
ဘာလ ၂၀ရက်နေ့တွင် အမိန့်ထုတ်ပြန်၍ ဖွဲ့စည်းခဲ့၏။
ခုံရုံးသည် ၂၄ ရက်နေ့တွင် စတင်၍ထိုင်၏။ ထိုနေ့တွင်ပင်
ရှေ့နေချုပ် ဦးထွန်းဖြူ၏ စွဲဆိုလွှာကိုလက်ခံ၍ မှုခင်းကို စစ်
ဆေးစီရင်ရန် ဖွင့်၏။

အောက်တိုဘာလ ၈ ရက်နေ့တွင် စတင်၍ အမှုစစ်
မည်။ လုံခြုံရေးအတွက် အင်းစိန်အကျဉ်းထောင်ကြီးအတွင်း
ရုံးထုတ်မည်။ သို့ရာတွင် တံခါးပိတ်ရုံးထိုင်ခြင်းကား မဟုတ်
အမှုစစ်ဆေးရာသို့ သတင်းထောက်များ၊ ဝင်ခွင့်လက်မှတ်
သော ဇလ့်လာသူများ လာရောက်နားထောင်နိုင်ကြမည်
နာယက ဦးကျော်မြင့်က ပြောကြားသည်။

တရားခံများ ရှေ့နေငှားရမ်းခြင်း မပြုနိုင်ကြ
အစိုးရစရိတ်ဖြင့် ငှားရမ်းပေးပါဟုလည်း နာယကက ရှေ့နေ
ချုပ်အား ညွှန်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားလိုဘက်မှ ရှေ့နေချုပ်ဦးထွန်းဖြူ ခေါင်းဆောင်သည်။ ဦးထွန်းဖြူသည် သေချာစေ့စပ်သူ ဖြစ်၏။ ရှေ့နေချုပ်ရုံးတွင် ဥပဒေရေးဆွဲရေးတာဝန်ကိုလည်း ထမ်းရွက်ခဲ့ဖူးသည်။ အထူးသေချာ၍ စိတ်ရှည်ရသော အလုပ်ဖြစ်၏။ ထိုမှ တစ်စတစ်စ ရှေ့နေချုပ်အဖြစ်သို့ တိုးတက်တာဝန်ယူခဲ့ရသူဖြစ်၏။

ဦးထွန်းဖြူကို ကူညီလိုက်ပါကြသူများမှာ အစိုးရရှေ့နေဦးချွန်ဖောင်နှင့် အထူးအရာရှိ ဦးမြသိန်း။ သူတို့နှစ်ဦးစလုံးနောင်တွင် ရှေ့နေချုပ်၊ တရားဝန်ကြီး ဖြစ်လာကြသည်။ ဘေးမှအကြံပေးဉာဏ်ပေးကူညီသူမှာ ပြည်နယ်များ ဥပဒေအရာရှိဦးမြင့်သိန်း (နောင် တရားဝန်ကြီးချုပ်) ဖြစ်သည်။

တရားရေးဌာန၊ ပြည်ထဲရေးဌာန၊ ရဲအဖွဲ့၊ စုံထောက်အဖွဲ့တို့သည် အမှုကို ပြည့်စုံခိုင်လုံအောင် စုံစမ်းခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ကြရသည်။ နေ့ညမအား ကြိုးစားကြရသည်။

အမှုစစ်ဆေးရာတွင် လုံခြုံရေးတာဝန်များကလည်းသေးလှချေ။ အကျဉ်းထောင်အတွင်း လုံခြုံရေး၊ တရားခံများ၏ လုံခြုံရေး၊ အထူးခုံရုံးနာယကနှင့် အဖွဲ့ဝင်များ၏လုံခြုံရေး၊ ရှေ့နေချုပ်နှင့် အစိုးရရှေ့နေများ၏ လုံခြုံရေး၊ တရားခံဘက်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေများကလည်း အစောင့်အရှောက်ကောင်း၍ စီစဉ်ပေးရ
သည်။

တရားခံများအတွက် ရှေ့နေငှားရန် မလွယ်ကူချေ
ဦးစောက ငွေကြေးတတ်နိုင်သည်။ ထို့ကြောင့် လန်ဒန်မှ ဝတ်လုံ
များကို ငှားရမ်းဖို့စီစဉ်သည်။ ရန်ကုန်မှ ရှေ့နေကြီးများကလည်း
သူ့အတွက် လိုက်ပါခြင်း မပြုလိုကြ။ ပြည်သူတို့၏ အမျက်ဒေါ
သကို ကြောက်ကြသည်။ ဦးစောကလည်း လန်ဒန်မှ နာမည်ကြီး
ဝတ်လုံကိုသာ လိုချင်သည်။ ရာဇဝတ်မှုခင်းများတွင် နာမည်ကြီး
သော ဝတ်လုံဘုရင့်ကောင်စီအဖွဲ့ဝင် **ကားတစ်ဘက်နယ်**
(ကေ၊ စီ) နှင့် ဦးစောအတွက် လန်ဒန်နေ ၎င်း၏ညီတော်သူ
ဦးမောင်ကြီးက စကားကမ်းလှမ်းနေခိုက် ရန်ကုန်တွင် ဆောင်
ရွက်ရန် ရှေ့နေ **ဘီအာရ်ဗာတားနစ်** ကို ငှားရမ်းကြသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## ဦးစော၏ဘဝ

အခြားတရားခံများအတွက် အစိုးရစရိတ်ဖြင့် ရှေ့နေ ငှားပေးရသည်။ သာယာဝတီမြို့မှ ရှေ့နေကြီး ဦးစံဝင်းနှင့် ဦးသိန်းကျော်တို့က မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မှုံကြီးတို့အတွက် လိုက်ပါဆောင်ရွက်ကြသည်။ အစိုးရက ရှေ့နေခကို ထုံးစံဖြစ်သည့် တစ်နေ့လျှင် ၂၅ ကျပ်မှ ၅၀ ကျပ်သို့ တိုးမြှင့်ပေးသည်။

ကျန်တရားခံများက ရှေ့နေမလိုချင်ဟု ပြောကြသည်။ ဦးစောက သူ့အတွက် နာမည်ကျော်ဝတ်လုံများ ကို လန်ဒန်မှ အထူးခေါ်ယူငှားရမ်းမည်၊ တပည့်များက သူတို့ကိုတော့ ပစ်ပယ်သည်ဟု ဦးစောအပေါ် စိတ်နာကြသည်။

●

www.burmeseclassic.com

www.burmeseclassic.com



## စတင်စစ်ဆေးပြီ

လုပ်ကြံမှုကြီးကို အထူးခုံရုံး၏ ၁၉၄၇ခု နှစ် အမှုကြီး အမှတ် ၁ ဟု အမှတ်စဉ်တပ်လေသည်။

အမှု၏အမည်မှာ . . .

'ဘုရင်နှင့် ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မောင်စိန် (ခေါ်) စိန်ကြီး (ခေါ်) လှအောင်၊ ရန်ကြီးအောင် (ခေါ်) လှထွန်း၊ ဉာဏ၊ ခင်မောင်ရင်၊ မောင်နီ (ခေါ်) ဘိုနီ (ခေါ်) ဂနီနှင့် မှုံကြီး (ခေါ်) မောင်မှုံ'

ဖြစ်လေသည်။ အတိုခေါ် ရလျှင် 'ဘုရင်နှင့် ဦးစောပါ ၉ဦး'

ဘည္ဆန့်သာ အစိုးရသက်သေ သို့မဟုတ် 'ဖော်ကောင်' မလုပ်လျှင် တရားခံ ၁၀ဦး ဖြစ်မည်။

မြန်မာပြည် လွတ်လပ်ရေးမရသေး။ အင်္ဂလိပ်လက် အောက်၌ရှိနေသေး၍ နိုင်ငံက တရားလိုပြုလုပ်၍ တရားစွဲ ဆိုသည်ကို ဆဋ္ဌမမြောက်ဂျော့ဘုရင်က တရားစွဲဆိုသလို လုပ်ထုံးအရ အမှုကိုကင်ပွန်းတပ်ခြင်း ဖြစ်၏။

ရှေ့နေချုပ်ဦးထွန်းဖြူက တရားဝင် တိုင်ကြား၍ အမှု



www.burmeseclassic.com

www.burmeseclassic.com



နှုံခြင်းကို ခုံရုံးနာယကက ဦးကျော်မြင့်ရုံးထိုင်ရာ မြို့လယ်မှ ဟိုက်တုတ်အဆောက်အအုံတွင် ပြုလုပ်လေသည်။ သို့ရာတွင် တရားခံများကို ရုံးသို့ထုတ်၍အမှုကို စတင်စစ်ဆေးသောအခါများ၌ လုံခြုံရေးအတွက် အင်းစိန်အကျဉ်းထောင်ရှိ အဆောက်အအုံတစ်ခုတွင် ခုံရုံးထိုင်လေသည်။

အဆောက်အအုံမှာ မကြီးလှသော်လည်း ရုံးခန်း၊ တရားသူကြီးများ စဉ်းစားခန်း၊ သတင်းစာဆရာများအတွက် အခန်း၊ ရှေ့နေများအတွက် နေရာထိုင်ခင်း၊ ညှိခန်း စသည်တို့အတွက် အသင့်အတင့်လုံလောက်သည်။ လေ့လာသူအချို့ကို လက်မှတ်ဖြင့် ဝင်ခွင့်ပြုနိုင်သည်။ တရားခံများ၏ ဇနီး၊ ဆွေမျိုးများကို ဝင်ခွင့်ပြုသည်။ ထောင်တွင်းသို့ သတင်းစာဆရာများ ညှိသည်များကို အဝင်အထွက်တွင် စစ်ဆေးရှာဖွေရသည်။ သို့ရာတွင် တင်းတင်းကျပ်ကျပ်ကား မဟုတ်ပေ။

လုပ်ကြံမှုကြီးကို မစစ်ဆေးမီက ပဲခူးနယ်မှ သောင်းကျန်းသူများဟု အစိုးရကခေါ်ဝေါ်စွပ်စွဲသော တရားခံ ၂၀၀ နီးပါးကို ထိုအဆောက်အအုံ၌ပင် လ ပေါင်းများစွာ စစ်ဆေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုံရုံးစတင်ထိုင်သောနေ့များတွင် အထူး လူစည်ကား လေသည်။ သတင်းစာဆရာများတွင် နိုင်ငံခြားသတင်းစာများ က အထူးစေလွှတ်သော သတင်းထောက် အချို့ ပါဝင်သည်။ ခုံရုံးနာယကာ၏ ခွင့်ပြုချက်ဖြင့် အတော်အသင့် ဓာတ်ပုံရိုက်ခွင့်ရ ကြသည်။

ရာဇဝတ်မှုခင်းစစ်ဆေးခြင်းတွင် လူအများ စိတ်ဝင်စား တတ်ကြပေသည်။ ရုံးတွင် အမှုစစ်ဆေးရင်း ပေါ်လာသမျှတို့ သည် လူ့ဘဝတွင် သူသူငါငါ ကပြကြရသော ဇာတ်ကွက်များလို ဖြစ်ပေသည်။ လူ့များ၏ ညစ်ပေ ဆိုးသွမ်းခြင်းများလည်း ရုံးတွင် ပေါ်သည်။ ဘဝလမ်းခရီး၏ ကြမ်းတမ်းခြင်းများလည်း ပေါ် သည်။ ထိုအဆိုး၊ အသွမ်း၊ အကြမ်းများထဲမှ သနားစရာ၊ လွမ်း စရာကလေးများလည်း တစ်ချက် တစ်ချက် ပေါ်လာတတ် သည်။

လူ့ဘဝဇာတ်ခုံတွင် ကပြကြသော ဇာတ်ကွက်များကို ရုံး၌မြင်ကြရသလို ရုံးကို ကိုယ့်အခန်းနှင့်ကိုယ် တာဝန်ယူကြ သော တရားသူကြီး၊ နှစ်ဖက်ရှေ့နေ၊ အမှုလိုက်ရဲအရာရှိ သက်သေ၊ တရားလို၊ တရားခံများသည်လည်း တစ်ခါ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ဆရာများအသွင်ကို ဆောင်လိုက်၊ တစ်ချီ တစ်ချီ ဇာတ်ကောင်များလို ဖြစ်လိုက်နှင့် ပါဝင် အသုံးတော်ခံကြရသည်။ သူတို့လုပ်ကြ၊ ကိုင်ကြ၊ ပြောကြ၊ ဆိုကြ၊ စာအုပ်ကြီးတွေကို လှန်ကြ လှောကြ၊ ဥပဒေစကားလုံး သုံးနှုန်းကြပုံများကပင် ဇာတ်ကွက်ဆင် နေသလို ဖြစ်တတ်သည်။

တစ်ခါတစ်ခါ ပွဲကြည့်ပရိသတ်က သူတို့ ဘာလုပ်၍ ဘာစကားပြောနေသည်ကို နားမလည်၊ သို့ရာတွင် နားမလည်နိုင်ခြင်းကြောင့်ပင် ရုံးကို ပို၍ အထင်ကြီးရမလို၊ ကြောက်ရွံ့ရမလို ဖြစ်တတ်သေးသည်။

အမှန်မှာ ရုံးတွင် အမှုစစ်ဆေးရာ၌ အဓိကတာဝန်သည် အမှန်တရားကို ရှာဖွေဖော်ထုတ်ရန်သာ ဖြစ်သည်။ အေးအေးတည်တည်ငြိမ်ငြိမ်နှင့် လူအများနားလည်သော စကားဆိုကာ ဖြစ်ရပ်အမှန်ကို ဟိုဘက်သည်ဘက်တို့ ဆိုသည်တို့မှ ထုတ်နုတ်ယူရန်ဖြစ်သည်။ သို့မှသာ လူအများသည် တရားရုံး၏လုပ်ငန်းကို သဘောပေါက်ကြမည်။ လက်ခံယုံကြည်မြတ်နိုးကြမည်။ ရုံးကို ပြည်သူ ရိုသေပါစေ။ ကြောက်ရွံ့ရန်ကား မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားကို ရှာဖွေဖော်ထုတ်ရန် အပြောရလွယ်၍ အလုပ်ရခက်ပေသည်။ ဟိုဘက်မှလည်း သူမှန်သည်၊ သည်ဘက်မှလည်း သူမှန်သည်။ ဟိုဘက်သက်သေများကလည်း ဟိုဘက်ကမှန်ကြောင်း ထောက်ခံထွက်ဆိုကြသည်။ သည်ဘက်သက်သေများကလည်း သည်ဘက်က မှန်ကြောင်း ထောက်ခံထွက်ဆိုကြသည်။ ပညာရှိရှေ့နေကြီးများကလည်း ဝေဝေဆာဆာ၊ အချက်ကျကျ၊ စာအုပ်ကြီးများကို ကိုးကား၍ လျှောက်လဲကြသည်။ ဤကြားထဲမှ အဖမ်းရ၊ အဆုပ်အကိုင်ရခက်သည့် အမှန်တရားကို ရှာဖွေရသည်။

မုသားထွန်းကားသည်နှင့်အမျှ အမှန်တရား ခေါင်းပါးသည်။ အမှန်တရားကို ရှာဖွေရခက်သည်။ သို့ရာတွင် ခက်လေလေ၊ ပို၍ ကြိုးစားရှာဖွေရလေလေသာ ဖြစ်သည်။ အလျှော့ပေး၍ မဖြစ်။ တရားရုံးများတွင် အမှန်တရား မထွန်းကားလျှင် တရားပျက်ချေမည်။ ပြည်သူတို့ ဆင်းရဲပင်ပန်းရချေမည်။

ရာဇဝတ်မှုများတွင် တရားသူကြီးများက ပေါ့ပေါ့လွယ်လွယ်ဆောင်ရွက်လျှင် သို့မဟုတ် အဂတိတရား လိုက်စား၍ တရားစီရင်လျှင်ခံရသူလည်း မသက်သာ။ ပြည်သူများလည်း



www.burmeseclassic.com

www.burmeseclassic.com



မချမ်းသာ။ မတရားစီရင်လျှင် ပြစ်မှုကျူးလွန်သူတို့ လွတ်မည်။ သူတို့က ရပ်ရွာတွင် မော်ကြွား၍ ဥပဒေကိုမထီမဲ့မြင် ပြုကြမည်။ အားနွဲ့သူတို့ကို ဆက်လက်၍ စော်ကားနှိပ်စက်ကြမည်။

အလားတူပင် အပြစ်မဲ့သူတို့ကို တရားရုံးက အဂတိတရား တစ်ပါးပါးကိုလိုက်၍ မထိုက်သောပြစ်ဒဏ်ပေးလျှင် ပြည်သူတို့၏ယုံကြည်မှု ပျက်ပြားမည်။ လီဆယ်တိုင်တန်းခံရသူတို့ အတွက် မျှော်လင့်အားကိုးရာ မဲ့မည်။ တရားရုံးများသည် တရားကို မငဲ့ လူကိုသာကြည့်၍ ဆုံးဖြတ်ကြသည်ဟု ပြည်သူတို့ မှတ်ယူကြလိမ့်မည်။ ထိုသို့မှတ်ယူ၍ ပြည်သူတို့ စိုးရိမ်သောက ဖြစ်ကြလိမ့်မည်။ ပြည်သူတို့က တရားရုံးများနှင့် အစိုးရအပေါ် မေတ္တာ ထားခြင်း၊ အားကိုးယုံကြည်ခြင်း ပျက်ပြားလိမ့်မည်။

●



www.burmeseclassic.com

www.burmeseclassic.com



## ချမှတ်လိုက်သောစီရင်ချက်

ဦးစောနှင့် အပေါင်းပါတို့ကို စစ်ဆေးရာတွင် အထူးခုံရုံးက မျှတမှန်ကန်စေအောင် အထူးကြိုးပမ်းခဲ့လေသည်။ ငွေကြေးမတတ်နိုင်သော တရားခံများအတွက် အစိုးရစရိတ်ဖြင့် ရှေ့နေငှားရမ်းပေးသည်။ အမှုစစ်ဆေးရာတွင် တစ်ဖက်သတ်မပြု။ အကျေအလည် ပြန်လှန်မေးမြန်းခွင့်၊ ပြောခွင့်၊ ဆိုခွင့်တို့ကို ပေးသည်။ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော နိုင်ငံ့ခေါင်းဆောင်ကို လုပ်ကြံသူများပါတကားဟု ကြိုတင်၍ စိတ်ပိုင်းဖြတ်ခြင်းမျိုးကို မပြုမိအောင် ကြိုးပမ်းသည်။ ထိုသို့ စိတ်ပိုင်းဖြတ်ထားခြင်း မရှိကြောင်းကို အမျိုးမျိုးသောနည်းများဖြင့် ပြသ၍ ထင်ရှားစေသည်။

နိုင်ငံက စိတ်ဝင်စားသောအမှုဖြစ်၍ ပြောကြ၊ ဝေဖန်ကြသည်များ ရှိသည်။ ထိုပြောစကားများကို အမှုတွင် လက်မခံရချေ။ ကိုယ်တိုင် အမှုနှင့် ဆက်စပ်ပတ်သက်သည်ကို မြင်ရ၊ ကြားရသူတို့က သူတို့ မြင်ရ ကြားရသမျှကိုသာ ထွက်ဆိုစေသည်။ တစ်ဆင့်ပြောစကားနှင့် ကောလဟာလတို့ကိုသော နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်နေလျှင် ခုံရုံးသည် အမှန်ကိုရှာဖွေရာ၌ မျက်စိလည်၍ လမ်းပျောက်ဖွယ်ရာ သာရှိပေမည်။

တရားခံတို့သည် စွပ်စွဲသောပြစ်မှုကို ကျူးလွန်ကြကြောင်းကို တရားလိုဘက်က အထင်အရှား သက်သေထူရသည်။ ထိုသို့ သက်သေမထူနိုင်လျှင် အမှုပျက်သည်။ တရားခံတစ်ဦးကို ထင်ကြေးနှင့် အပြစ်မပေးနိုင်ချေ။ ရှေ့နေချုပ် ဦးထွန်းဖြူနှင့်အဖွဲ့သည် သက်သေပေါင်း ၁၃၁ ယောက်ကို စစ်ဆေးရန် စာရင်းတင်သည်။ တရားခံအချို့၏ ဖြောင့်ချက်များကိုလည်း တင်ပြနိုင်သည်။

" ဦးစောအိမ်ဝင်းမှလည်းကောင်း၊ အနီးတစ်ဝိုက်မှလည်းကောင်း၊ ရေကန်တွင်းမှလည်းကောင်း ရှာဖွေ တွေ့ရှိခဲ့သော လက်နက်၊ စစ်ဝတ်တံဆိပ်များ၊ ကားနံပါတ်ပြား စသော သက်သေခံပစ္စည်းများကိုလည်း တင်ပြနိုင်သည်။ သက်သေခံကွင်းဆက်များ ခိုင်ခန့်ရမည်။ အဆက်မပြတ် ရှိရမည်။ ထို့ကြောင့် သက်သေတင်ရာတွင် ပိုနေလျှင် မထောင်းတာ။ လိုနေလျှင် ခက်တတ်သည်။

နောက်ဆုံးတွင် သက်သေ ၇၇ ယောက်ကို စစ်ဆေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံလုံလောက်ပြီဟု တရားလိုဘက်မှ တွက်ချက်ကာ ကျန်သက်သေများကို မစစ်ဆေးတော့ပါဟု ခုံရုံးကိုပြောကြားသည်။

တရားခံဘက်ကိုလည်း တရားလိုသက်သေများကို ပြန်လှန်မေးမြန်းခွင့်၊ စွဲချက်တင်လျှင် တင်ပြီးသောအခါ ပြန်ခေါ်၍မေးမြန်းခွင့် အပြည့်အစုံပေးရသည်။ တရားခံတို့က စွဲချက်တင်ပြီးလျှင် ကျမ်းနှင့် အစစ်ခံလို၊ သက်သေပြလိုပြ၊ အစွမ်းကုန်ခုခံချေပခွင့် ရှိကြသည်။ ထိုအခွင့်အရေးများကိုလည်း လုပ်ကြံမှုတွင် အပြည့်အဝ ရုံးက ပေးခဲ့၏။

သာမန်အားဖြင့် ရာဇဝတ်မှုခင်းများကို ပြည်သူတို့မမြင်ကွယ်ရာ၌ စစ်ဆေးရိုးမရှိချေ။ လူမြင်သူမြင် ရုံးတံခါးကိုဖွင့်၍ စစ်ဆေးခြင်းဖြင့် မှန်ကန်သောတရားကို စီရင်ကြောင်းလူသိရှင်ကြား ဖြစ်စေရသည်။

ထိုထုံးတမ်းအရ အင်းစိန်အကျဉ်းထောင်၌ပင် လုပ်ကြံမှုကို စစ်ဆေးခဲ့စေကာမူ လေ့လာသူများ၊ တရားခံများ၏ ဇနီးဆွေမျိုးများ၊ သတင်းစာဆရာများကို တက်ရောက်ခွင့်ပြုခဲ့လေသည်။ သတင်းစာများကလည်း အမှုစစ်ဆေးပုံ အပြည့်အစုံကို မပြတ် ဖော်ပြကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

လူသိရှင်ကြား စစ်ဆေးရသော်လည်း အမှုအကြောင်း မဟုတ်မတရားပြောခြင်း၊ သတင်းလွှင့်ခြင်း မပြုရချေ။ ထိုသို့ပြုလုပ်လျှင် တရားသူကြီးများ၊ ဂျူရီလူကြီးများ ပါဝင်စစ်ဆေးခဲ့လျှင် ယင်းလူကြီးများ၏စိတ်ကို အနှောင့်အယှက် ဖြစ်စေတတ်သည်။ လုပ်ကြံမှုစစ်ဆေးနေရာတွင် ခုံရုံးက သတင်းစာနှစ်စောင်ကိုသာ သတင်းရေးသားခြင်းနှင့်ပတ်သက်၍ အစပိုင်းတွင် သတိပေးခဲ့ရသည်။ နောက်ပိုင်းတွင်ကား မျှမျှတတပြည့်ပြည့်စုံစုံ အမှုသတင်းများကို ဖော်ပြကြလေသည်။

အမှုကို စစ်ဆေးရာ၌ မှန်ကန်မျှတသည့်ပြင် မြန်ဆန်ရသည်။ နှေးကွေးကြန့်ကြာနေလျှင် တရားခံလည်း နစ်နာသည်။ သက်သေများလည်း မေ့တတ်ပျောက်တတ်သည်။ မကြန့်ကြာစစ်ဆေး၍ ပြစ်မှုထင်ရှားလျှင် ထိုက်သင့်သောပြစ်ဒဏ်ပေး၊ မထင်ရှားလျှင် တရားခံကိုလွှတ်မှ တရားစီရင်ရေး၏ အာနိသင် ထက်မြက်သည်။

လုပ်ကြံမှုကြီးကိုမူ မှန်မှန်မြန်မြန် စစ်ဆေးစီရင်ခဲ့၏။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် အထူးခုံရုံးကို ဖွဲ့စည်း၊ အောက်တိုဘာလ ၈ ရက်နေ့တွင် အင်းစိန်အကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်၌ ရုံး စတင်၍ထိုင်၊ ၁၅ ရက်နေ့ တွင် သက်သေများကို စတင်စစ်ဆေးကာ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် စီရင်ချက်ချ နိုင်ခဲ့လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်းနှင့်

အာဇာနည်ခေါင်းဆောင်ကြီးများကို

လုပ်ကြံခဲ့သော ဂဠုန်ဦးစောနှင့် အပေါင်းအပါများ

ဘာဖြစ်သွားခဲ့သလဲ

www.burmeseclassic.com

www.burmeseclassic.com

## မာန်လျော့သွားသော ဦးစော

ဒီဇင်ဘာလ ၁၀ရက်နေ့တွင် အထူးခုံရုံးက စီရင်ချက်ချမှတ်သည်။ စာမျက်နှာ ၈၄ မျက်နှာရှည်လျားသော စီရင်ချက်ဖြစ်၍ နှစ်နာရီကျော်မျှ နာယကဦးကျော်မြင့်က ဖတ်ရသည်။

ရုံးတွင် လူစည်ကားနေသည်။ တရားခံများလည်းရောက်ရှိနေကြသည်။ ဦးစောကား သူ၏ရှေ့နေ ဗတားနစ်အနီးတွင် ထိုင်လျက်။

စီရင်ချက်ကို အင်္ဂလိပ်လို ရေးသားဖတ်ကြားသည်။ တရားခံအချို့က နားလည်ကြမည်မဟုတ်။ ငုတ်တုတ်သာထိုင်၍ နားထောင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်သေထွက်ချက်များကို စေ့စုံစွာသုံးသပ်ပြီးနောက် စွဲချက်များအတိုင်း မှန်ကန်ထင်ရှားသည်ဟု အထူးခုံရုံးက ဆုံးဖြတ်လေသည်။ တရားခံတစ်ဦးစီအပေါ် သေဒဏ်သတ်မှတ်လေသည်။ အစိုးရသက်သေ ဘညွန့်ကို လွှတ်သည်။

စီရင်ချက်မချမီ အသတ်ခံခါ ထားသော အကျဉ်းထောင်ဆရာဝန် ေ ရင့ာ ထွန်းဝင်းအား ရုံးက တရားခံ ရန်ကြီးအောင်ကို စစ်ေ ကာ အသက်ခန့်မှန်းစေသည်။ ဒေါက်တာထွန်းဝင်းက ရန်ကြီးအောင်တွင် အထက်အံသွား ပေါက်နေပါပြီ။ အမွေးအမှင် စုံပါပြီ။ အင်္ဂါများ ဖွံ့ဖြိုးနေပြီဖြစ်၍ အသက် ၁၇ နှစ်မှ ၁၈ နှစ်အကြား၌ ရှိပါလိမ့်မည်ဟု ထင်မြင်ချက်ပေး၏။ ထိုအရွယ်ရောက်နေပြီဆိုလျှင် သူ့အားလည်း တရားဝင်သေဒဏ် ပေးနိုင်လေပြီ။

စီရင်ချက်ဖတ်ကြားရာတွင် ငြိမ်၍နားထောင်နေသော ဦးစောသည် ၄သေဒဏ်ကျပြီဟု ကြားရသောအခါ မျက်နှာပျက်သွားသည်။ ဖြူရော်ရော်ဖြစ်လာသည်။ စီရင်ချက်ဖတ်ကြားပြီးသောအခါ၌ ထိုင်ရာမှထ၍ အမှုသုံးသပ်ချက်အချို့ကို ပြန်ပြောချေပလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အထူးခုံရုံးသည် အပ်နှင်းသောအာဏာကို သုံးစွဲ၍ပြီးချေပြီ။ တင်ပို့သောအမှုကို စစ်ဆေးစီရင်၍ပြီးချေပြီ။ စီရင်ဆုံးဖြတ်ချက်များ မှားယွင်းနေလျှင် အယူခံရုံးများက သင့်တော်သလိုပြင်ဆင်ရန်သာ ရှိတော့သည်။ အယူခံဝင်လိုက ၇ ရက်အတွင်း အယူခံဝင်နိုင်ကြောင်း ကရားခံများအား ပြောကြားပြီးနောက် အထူးခုံရုံးနာယကနှင့် အဖွဲ့ဝင်များသည် တရားခွင်မှ သက်ဆင်းကြလေသည်။

●

## ဦးစော၏ အယူခံနှင့် မြန်မာ့လွတ်လပ်ရေး

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့၊ လွတ်လပ်ရေးအကြိုနေ့တွင် ဦးစောအတွက် ရှေ့နေ မစ္စတာ ဟက်ဗော့ က ဟိုက်ကုတ်တွင် အယူခံလွှာတင်လေသည်။

နောက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ကြေညာသည်။ ဟိုက်ကုတ်သည် တရားလွှတ်တော်ဖြစ်လာသည်။ သခင်က ဘုရင်က တရားလိုပြု၍ ဦးစောနှင့်အပေါင်းပါတို့ကို တရား



www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့ရသည်။ အယူခံမှုများကိုမူ 'ဦးစောနှင့် ပြည်ထောင်စု' ဟု အမည်တပ်သည်။

ကျန်တရားခံများကလည်း အကျဉ်းထောင်မှ အယူခံဝင်ကြသည်။ ရှေ့နေငှားရမ်းခြင်း မပြုနိုင်ကြ။ တရားလွှတ်တော်က သူတို့အတွက် အစိုးရစရိတ်ဖြင့် ငှားရမ်းပေးရန် စီစဉ်သည်။ ခင်မောင်ရင်က ရှေ့နေကြီးကြီးကောင်းကောင်း ငှားပေးပါ၊ ဒေါက်တာဘဟန်ကို ရနိုင်လျှင် ငှားပေးပါဟု တောင်းဆို၏။ ဒေါက်တာဘဟန်က မလိုက်လိုကြောင်းပြောသဖြင့် ခင်မောင်ရင်၊ သုခနှင့် မောင်နီတို့အတွက် မစ္စတာဒီဂျေဒယ်နီသယ် ကို ငှားပေးသည်။ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် ကြီးတို့က သာယာဝတီမှ ရှေ့နေကြီးဦးစံဝင်းကိုပင် ကျေနပ်ပါသည်ဟု ဆိုကြသည်။ သို့ရာတွင် ဦးစံဝင်းသည် တရားလွှတ်တော်တွင် အမှုလိုက်ပါခွင့်မရှိ၍ ဦးကြာခိုင်ကို ငှားရမ်းပေးရသည်။ မောင်စိန်အတွက် ဦးစောလှဖြူကို တရားလွှတ်တော်က ငှားရမ်းပေးသည်။ ရှေ့နေခကို ပထမနေ့ အတွက် ၁၀၀ ကျပ်၊ နောက်နေ့များအတွက် တစ်နေ့လျှင် ၇၅ ကျပ်ခွင့်ပြုရန် တရားရေးဌာနနှင့် စီစဉ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစောနှင့် အပေါင်းပါတို့က အယူခံမဝင်ကြလျှင်လည်း အထူးခုံရုံးက ချမှတ်သောသေဒဏ်ကို စီရင်ရမည်မဟုတ်သေး တရားလွှတ်တော်က သေဒဏ်ပေးထားသော ရာဇဝတ်မှုများကို ပြန်လည်သုံးသပ်ရသေးသည်။ အတည်ပြုမှသာ ပြစ်ဒဏ်စီရင်ရလေသည်။ ထို့ကြောင့် ဦးစောနှင့် အခြားတရားခံများက တင်သွင်းကြသော အယူခံမှုနှင့် တရားလွှတ်တော်က အလိုအလျောက်ဖွင့်ရသော ပြန်လည်သုံးသပ်မှု အတူပူးတွဲ၍ လျှောက်လဲ ကြားနာကြလေသည်။

ဇန်နဝါရီလ ၂၆ရက်နေ့တွင် ရုံးတွင်းအမိန့်ဖြင့် တရားဝန်ကြီးချုပ် ဦးသိန်းမောင်က အမှုများကို ကြားနာရန် တရားဝန်ကြီးဦးအုံးဖေ၊ ဦးစံမောင်နှင့် ဦးဘိုကြီးတို့ပါဝင်သော ခုံရုံး ဖွဲ့စည်းသည်။

အယူခံမှုများကို မြန်မြန်ကြားနာကြသည်။ လျှောက်လဲချက်များကို ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ နေ့စဉ် ဆက်၍ ကြားနာသည်။ ပြည်ထောင်စုအစိုးရအတွက် ရှေ့နေချုပ်ဦးချစ်ထွန်းက လိုက်ပါဆောင်ရွက်လေသည်။ ဦးထွန်းဗြူသည် ထိုအခါတွင် တရားလွှတ်တော် တရားဝန်ကြီး ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တရားလိုပြသက်သေများကို မယုံကြည်ထိုက်၊ ဖြောင့်ချက်များကို ထည့်သွင်းမစဉ်းစားထိုက်၊ အစိုးရသက်သေဘညွန့်ကို မယုံကြည်ထိုက်၊ အထူးခုံရုံးဖွဲ့စည်း၍စစ်ဆေးခြင်းသည် တရားမဝင် စသည်ဖြင့် အကြောင်းအချက်ပြဿနာများ၊ ဥပဒေပြဿနာများကို အကျယ်တဝင့် ဖော်ထုတ်လျှောက်လဲကြလေသည်။

ဦးစောက အကျဉ်းထောင်မှနေ၍ မတ်လ ၃ရက်နေ့စွဲဖြင့် အယူခံရုံးသို့ အကြောင်းအချက်များဖြည့်စွက်၍ တင်ပြသေးသည်။ သူ၏ နိုင်ငံရေးသက်တမ်း အနှစ် (၃၀) တွင် အကြမ်းဖက်မှု မပြုခဲ့၊ ဝါသနာ မပါခဲ့ပါ။ ဘညွန့်ကသာ လုပ်ကြံမှုကြီးကို သူမသိရဘဲ ကြံစည်ကျူးလွန်ခဲ့ခြင်းဖြစ်ပါသည်။ ဘရင်းသေနတ်များကို ထုတ်ယူခဲ့ပြီးနောက် သွေးနားထင်ရောက် အထင်ကြီးသွားသော ဘညွန့်၏လက်ချက်မျှသာ ဖြစ်ပါသည်။

တူတော်သူ ခင်မောင်ရင်သည်လည်း ဘညွန့်ကို အားကျပြီး နိုင်ငံရေးလောဘဝင်ကာ မဟုတ်တာလုပ်၊ မမှန်တာပြောခဲ့ခြင်း ဖြစ်ပါသည်၊ တရားဝန်ကြီးများ၏ တူတစ်ပေတော်တာ



www.burmeseclassic.com

www.burmeseclassic.com



တရားဝန်ကြီးများ၏ မော်တော်ကားကို ယူသွားပြီး မြို့ထဲတွင် လုယက်သည်ဆိုဦး၊ ပြီးလျှင် သူက တရားဝန်ကြီးများကို ဆွဲထည့်ကာ မြောင့်ဆိုရုံမျှနှင့် တရားဝန်ကြီးများကို ပြစ်ဒဏ်ပေးသင့်ပါသလား၊ စဉ်းစားကြပါ။

အမှုအတွင်း သတင်းစာများက ရေးသားကြသောကြောင့် လူထုကလည်း သူ့အပေါ် အမျက်ဒေါသထွက်၊ အထူးခုံရုံးကလည်း အစွဲအလမ်းရှိနေခဲ့သဖြင့် အမှန်တရား မရခဲ့ပါ၊ အထူးခုံရုံးနာယကမှာလည်း နိုင်ငံရေးတွင် သူနှင့်အတိုက်အခံလုပ်ခဲ့ဖူးသောပုဂ္ဂိုလ် ဖြစ်ပါသည်။ အမှန်ကိုဖြစ်စေရန် အယူခံကိုဆုံးဖြတ်ပေးကြပါဟု တောင်းဆိုလေသည်။

တရားလွှတ်တော်က မတ်လ ၈ရက်နေ့တွင် စာမျက်နှာ ၅၇ ရှိသောစီရင်ချက်ဖြင့် အယူခံများကို ပယ်လေသည်။ သေဒဏ်ပေးခြင်းနှင့်ပတ်သက်၍ ပြစ်မှု၏ပမာဏနှင့် နှိုင်းချိန်လျှင်လည်းကောင်း၊ အယူခံ တရားလိုတစ်ဦးစီ၏ ပါဝင်ကျူးလွန်ခဲ့ခြင်းနှင့် နှိုင်းချိန်လျှင်လည်းကောင်း လျှော့ပေါ့ပေးရန် မမြင်။ သမ္မတကသာလျှင် ကရုဏာထား၍ လျှော့ပေါ့ပေးလိုလျှင် ပေးရန်ဖြစ်ပေသည်ဟု မှတ်ချက်ပြုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်ရောက် ဦးစော၏ညီ ဦးမောင်မောင်ကြီးက လန်ဒန်တိုင်းသတင်းစာသို့ ၁၉၄၈ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် စာတစ်စောင်ပေးပို့လေသည်။ ထိုစာတွင် ဦးစောအား အပြစ်ပေးရာ၌ ဗမာပြည်တွင်ကျင့်သုံးသော တရားစီရင်ရေးစနစ်နှင့် ပတ်သက်သော ပြဿနာကြီး ၂ရပ် ပေါ်လွင်စေပါသည်။

ပထမပြဿနာမှာ အထူးခုံရုံးဖွဲ့စည်းခြင်းနှင့် ထိုရုံးက ပြစ်ဒဏ်သတ်မှတ်ခြင်းတို့သည် တရားဝင်မဝင် ဖြစ်ပါသည်။ ဦးစောက သူ့ အားဖမ်းဆီးပြီး လပေါင်းများစွာကြာမြင့်မှ စွဲချက်များကို အသိပေးသည်ဟုဆိုပါသည်။ ထို့ပြင် ဟိုက်ကုတ်ရှိပါလျက် စင်ပြိုင် အထူးခုံရုံးဖွဲ့စည်းခြင်းသည်လည်း ဥပဒေနှင့် မညီပါ။ ဒုတိယပြဿနာမှာ ဦးစောသည် လန်ဒန် ပရီဗီကောင်စီသို့ နောက်ဆုံးအယူခံဝင်ခွင့် ရသင့်ပါသည်။ ဗမာပြည်၏ ဖွဲ့စည်းပုံအခြေအနေသာ ပြောင်းလဲခြင်းမရှိခဲ့ပါလျှင် ပရီဗီကောင်စီသို့ အယူခံဝင်နိုင်မည်ဖြစ်ပါသည်ဟု ရေးသားထား၏။

ထိုစာကို ဖတ်ရှုကြရသောသူတို့ အံ့အားသင့်ကြသည်ဟု ရန်ကုန်မှ လန်ဒန်တိုင်းသတင်းထောက်က သတင်းပြန်ပို့သည်ကို မတ်လ ၂၂ ရက်နေ့တွင် သတင်းစာတွင် ဖော်ပြထား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

'ဦးစောနှင့်အပေါင်းပါများကို ရှုံးများက မျှမျှတတ စစ်ဆေးခဲ့သည်ဟု အများက မြင်ကြပါသည်။ တရားလွှတ်တော်က အယူခံများကို ပယ်ခဲ့သော်လည်း တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရန် အခွင့်ထူးကို လျှောက်ထားတောင်းဆိုနိုင်ကြပါသေးသည်။ ဗမာပြည်သည် လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်နေပြီဖြစ်ရာ ဗရီဗီကောင်စီသို့ အယူခံလမ်း မရှိတော့ပါ။ တရားလွှတ်တော်ချုပ်သည် ပရီဗီကောင်စီက သုံးစွဲခဲ့သော အာဏာများကို အပြည့်အဝ ကိုင်ဆောင်သုံးစွဲလျက် ရှိပါပြီ။'

ဦးစော၊ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မှုံကြီးတို့က အခွင့်ထူးအယူခံဝင်ရန် လျှောက်ထားကြလေသည်။ ဦးစောအတွက် မစ္စတာဟက်ဗော့နှင့် ကျန် လျှောက်ထားသူတို့အတွက် ဦးကြာခိုင်ကပင် လိုက်ပါ ဆောင်ရွက်ကြသည်။ ရှေ့နေချုပ်ဦးချန်ထွန်းက အစိုးရအတွက် ဆောင်ရွက်သည်။

တရားလွှတ်တော်ချုပ်၊ တရားဝန်ကြီးချုပ် ဆာဘဦး၊ တရားဝန်ကြီး ဦးအေးမောင်နှင့် တရားလွှတ်တော် တရားဝန်ကြီးချုပ် ဦးသိန်းမောင်တို့က လျှောက်လဲချက်များကို ကြား



www.burmeseclassic.com

www.burmeseclassic.com



နာကြသည်။ တရားလွှတ်တော်ချုပ် တရားဝန်ကြီးတစ်ဦးဖြစ်နေသော ဦးကျော်မြင့်က အထူးခုံရုံးတွင် နာယကအဖြစ် အမှုကို စစ်ဆေးစီရင်ခဲ့ပြီးဖြစ်သဖြင့် အခွင့်ထူးအယူခံဝင်ရန် လျှောက်လွှာကို ကြားနာရာ၌ ပါဝင်ခြင်း မပြုတော့ချေ။ တရားလွှတ်တော်ချုပ်က တောင်းခံသော အခွင့်ထူးအယူခံဝင်ခွင့်ကို မပေး။ လျှောက်လွှာများကို ပယ်လေသည်။

စာမျက်နှာ ၅၇ မျက်နှာရှိသော စီရင်ချက်ကို ရေးသားသော တရားဝန်ကြီးဦးအေးမောင်က 'ပြည်ထောင်စုမြန်မာနိုင်ငံတွင် တရားလွှတ်တော်ချုပ်သည် နောက်ဆုံး အယူခံရုံးဖြစ်သည်။ ပရီဗီကောင်စီသို့ တက်ရောက်ရန် မရှိတော့ပြီ။ သို့ရာတွင် ပရီဗီကောင်စီက ယခင်အခါများတွင် မြန်မာနိုင်ငံမှ ရာဇဝတ်အယူခံအမှုများကို စဉ်းစားခဲ့ကြရာ၌ မည်သို့သော အမှုများကို အယူခံဝင်ခွင့်ပြု၍ မည်သည်တို့ကို အယူခံဝင်ခွင့်မပြုဟူသောမူများ ချမှတ်ခဲ့လေသည်။ ထိုမူများကို တရားလွှတ်တော်ချုပ်က မလိုက်နာလျှင် မနေရ မဟုတ်သော်လည်း မျှတ၍ အတွေ့အကြုံရည်ဝသောမူများဖြစ်ကြသောကြောင့် လေးစားစွာ စဉ်းစားသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှုများအရ ရာဇဝတ်မှုများတွင် အခွင့်ထူးအယူ ခံဝင်ခွင့်ပြုရန် အထူးအရေးကြီး၍ အများပြည်သူနှင့်ပတ်သက် နေသော ပြဿနာများ ပေါ်ပေါက်နေရမည်။ ထိုပြဿနာများ သည် မကြာခဏ ပေါ်ပေါက်နိုင်မည့် အလားအလာလည်းရှိ၍ အဖြေမှန်များကို စီရင်ထုံးပြု၍မပေးလျှင် ရာဇဝတ်တရားစီရင် ရေးလမ်းကြောင်း တိမ်းစောင်းချွတ်ချော်သွားဖွယ် ရှိရမည်။ များယွင်းသော သာဓက ပေါ်ပေါက်လာမည့်အန္တရာယ် ပေါ်ရ မည်။

ဤအမှုတွင်မူ . . .

ထိုကဲ့သို့သောပြဿနာ မပေါ်။ မည်သည့်သက်သေ ကို အထူးခုံရုံးက ယုံကြည်၍ မည်သည့်သက်သေကို မယုံကြည် ထိုက်ဆိုသည်တို့မှာ အကြောင်းခြင်းရာကို ချင့်ချိန်ဆုံးဖြတ်ရ သောရုံးက ဆုံးဖြတ်ရန်ဖြစ်သည်။ ထို့ကြောင့် အခွင့်ထူးပေး၍ အယူခံ ထပ်မံဝင်စေရန် အကြောင်းမရှိ။

●



www.burmeseclassic.com

www.burmeseclassic.com



အပယ်ခံရသောလျှောက်လွှာ

၁၉၄၈ခုနှစ် ဧပြီလ ၂၇ရက်နေ့တွင် တရားလွှတ်တော်ချုပ်က ဦးစောတို့၏လျှောက်လွှာများကို ပယ်ခဲ့သည်။

အခြားတရားခံများက တရားလွှတ်တော်ချုပ်သို့ လျှောက်ထားခြင်းမပြုတော့ဘဲ နိုင်ငံတော်သမ္မတထံ အသနားခံကြသည်။

သမ္မတတွင် ပြစ်ဒဏ်ကိုလျှော့ပေါ့နိုင်သည့် အာဏာ၊ လွှတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည့်အာဏာ ရှိလေသည်။ သေဒဏ်ကို တရားရုံးကသတ်မှတ်၍ နောက်ဆုံး အယူခံရုံးများက အတည်ပြုပြီးလျှင် အမှုများကို သမ္မတထံတင်ပြ၍ အမိန့်ခံယူသောလုပ်ထုံး ရှိသည်။ ထိုလုပ်ထုံးအရ ဦးစောနှင့်လေးဦးတို့၏ အမှုများကိုလည်းကောင်း၊ အသနားခံစာတင်ကြသော တရားခံများ၏ အမှုများကိုလည်းကောင်း တရားရေးဌာနက စိစစ်၍ သမ္မတထံ တင်ပြခဲ့လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## ကြင်နာတတ်သောမြန်မာများ

ဗမာပြည်သူတို့သည် သနားကြင်နာတတ်ကြသည်။ စစ်အတွင်းက သူတို့ကို ပါးနားရိုက်၊ အမျိုးမျိုးနှိပ်စက်ခဲ့ကြသော ဂျပန်စစ်သားများကိုပင် စစ်ပြီး၍ ဂျပန်စစ်သားများ စစ်ရှုံးသူ မျက်နှာငယ်ဘဝသို့ ရောက်ကြသောအခါ အနာဟောင်းများကို မေ့ပျောက်၍ ထိုစစ်သားများကို ကျွေးမွေးကူညီပြုစုခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးခါစတွင် ဦးစောနှင့် အပေါင်းပါတို့ကို ညက်ညက်ကြေအောင် ချေမှုန်း လိုကြသော ပြည်သူတို့သည် ဦးစောတို့အား သေဒဏ်စီရင်ရတော့မည်ဆို လျှင် သနားလာကြသည်။ ပြစ်ဒဏ်လျှော့ပေါ့ပေးဖို့ ပြော လာကြသည်။ ရဟန်းသံဃာများကလည်း သူတို့၏အသက်ကို အလျှုံခံကြသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## တိုင်းပြည်အခြေအနေနှင့် ဦးစော၏ နောက်ဆုံးခရီး

နိုင်ငံတွင်ကား မငြိမ်မသက်ဖြစ်လာပြီ။ ကွန်မြူနစ်ပါတီများ တောခို၍ သောင်းကျန်းကြပြီ။ ဟိုအဖွဲ့ သည်အဖွဲ့ကလည်း ပြင်းထန်စွာအရေးဆိုနေကြသည်။ အားစုနေကြသည်။ နိုင်ငံခြားမှ တိုးဝင်စွက်ဖက်မည့် ဘေးအန္တရာယ်ကိုလည်း သတိထား၍ စောင့်ကြည့်နေရသည်။ ထို့ကြောင့် ဦးစောကဲ့သို့သော လုပ်ကြံမှုကြီး၏ ခေါင်းဆောင်ကိုလည်းကောင်း၊ ကာယကံမြောက် သွားရောက်သတ်ဖြတ်ခဲ့ကြသူများကိုလည်းကောင်း လျှော့ပေါ့သောပြစ်ဒဏ်ပေးရန် အခြေအနေက ခွင့်မပြုချေ။

မေလ ၅ရက်နေ့စွဲပါ တရားရေးဌာနအတွင်းဝန် ဦးစံညွန့်၏အမိန့်ဖြင့် ခင်မောင်ရင်အပေါ် ချမှတ်ထားသောသေဒဏ်ကို တစ်သက်တစ်ကျွန်းဒဏ်သို့ သမ္မတက လွှဲပြောင်းလျှော့ပေါ့ပေးခဲ့၏။ ကျန်တရားခံများအပေါ် ချမှတ်ထားသော ၆သေဒဏ်ကို စီရင်ရန်ဖြစ်၏။

မေလ ၆ရက်နေ့စွဲဖြင့် အတွင်းဝန်ဦးစံညွန့်က အမိန့်တစ်ရပ် ထုတ်ပြန်သည်။ သုခနှင့် မောင်နီတို့သည်လည်း သေ



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်မှလွတ်၍ တစ်သက်တစ်ကျွန်းဒဏ်ကိုသာ ကျခံစေ
မည်ဟု သမ္မတဆုံးဖြတ်လိုက်သည်။

ကြိုးပေးရန် နီးကပ်လာပြီဖြစ်၍ ရန်ကုန် ဗဟိုအကျဉ်း
ထောင်၌ ကြိုးခန်းများတွင် သွင်းထားပြီးဖြစ်သော မောင်နီ
သုခ၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့အတွက် ဘုန်းကြီးများပင့်
ဖိတ်၍ တရားနာစေသည်။ သရဏဂုံတင်ပေးသည်။ စိန်ကြီးက
မထူးပြီဆို၍ သရဏဂုံ အတင်မခံ။ သရဏဂုံတင်သောနေ့
ညနေစောင်းမှသာ သုခနှင့် မောင်နီတို့ သေဒဏ်မှလွတ်
ကြောင်း စာရောက်လာသည်။ သူတို့ကို ကြိုးခန်းမှ အခြား
အဆောင်သို့ ပြောင်းပေးလိုက်ကြလေသည်။

၁၉၄၈ခုနှစ်၊ ဧပြီလ ၂၈ရက်နေ့ မွန်းလွဲပိုင်းတွင် အင်း
စိန်အကျဉ်းထောင်၌ ဦးစောသည် ဇနီး၊ သမီးတို့နှင့်အတူ မိုးညှင်း
သိင်္ဂီကျောင်းတိုက်၊ ရေလဲဦးပဏ္ဍိစ္စဆရာတော်ထံမှ သက္ကဏာ
ရေးသုံးပါးတရား နာရသည်။

မေလ ၈ရက်နေ့နံနက် အရုဏ်တက်တွင် ဦးစော၊
မောင်စိုး၊ သက်နှင်းနှင့် မှုကြီးတို့ကို အင်းစိန်အကျဉ်းထောင်
အတွင်း၌ ကြိုးပေးသည်။ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဗဟိုအကျဉ်းထောင်အတွင်း၌ တစ်ချိန်တည်းလို ကြိုးပေးသည်။

ဦးစောသည် သူ့အား သောက်ရန်ပေးထားသော နံနက်လက်ဖက်ရည်ကို အခန်း၌ ဆွမ်းကပ်ခဲ့သည်။ ဖယောင်းတိုင်သုံးတိုင် ထွန်းညှိ၍လည်း ပူဇော်ခဲ့သည်။ ပြီးမှ အပြင်တွင် စောင့်နေကြသော အကျဉ်းဌာနမင်းကြီး ဦးဘမောင်၊ ဦးသန်းနွဲ့ (ဦးဘမော်၏သား၊ ယခု အငြိမ်းစား အကျဉ်းဌာနမင်းကြီး) ဆရာဝန်၊ တရားသူကြီး စသူတို့ကို ပြုံးရွှင်စွာနှုတ်ဆက်သည်။ ဦးစောသည် ရှမ်းဘောင်းဘီမီးခိုးရောင်ကို သပ်သပ်ရပ်ရပ် ဝတ်စားထားသည်။ ကြိုးစင်ရှိရာသို့ ထွက်ခွာလာကြရာ ဘုရားရုပ်ပွားတော်တစ်ဆူ တည်ထားကိုးကွယ်ရာကို လွန်လာသဖြင့် ပြန်လှည့်၍ ဒူးတုပ်ဝပ်ချသည်။ ကြိုးစင်အက်သို့ ဆက်လက် ထွက်ခွာကြရာတွင် မြင်ရာလူကို လှမ်း၍ နှုတ်ဆက်သည်။ မမြင်ရသူကို မေး၍ နှုတ်ဆက်လိုက်ကြောင်း မှာကြားသည်။ အထူးခုံရုံးနာယက ဦးကျော်မြင့်နှင့်တကွ သူ့အပေါ် တာဝန်အရ ဆောင်ရွက်ရသည့်သူများအား မုန်းထားမှုမရှိပါဟု မှာကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တည်တည်ငြိမ်ငြိမ်ပင် ကြိုးစင်ပေါ် သို့ တက်
သွားလေတော့သည်။

●

## အလောင်းမင်းတရားကြီး၏သက်နီးနက်ဘုရား
## နှင့်
## ဂဠုန်ဦးစောကြမ္မာ

ဂဠုန်ဦးစောကို မသိသူမရှိ။ နိုင်ငံနှင့်အဝှမ်း သိသူများ
များပြားလှသည်။ (၁၉၄၇) ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင်
နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်
ခေါင်းဆောင်ကြီးများကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်
ခဲ့သဖြင့် အများပြည်သူတို့၏ခါးသီးမုန်းခြင်း ခံလိုက်ရသည့်အပြင်
နိုင်ငံတော်မှ အပြစ်ပေးခြင်းခံရသူ၊ နိုင်ငံတော်လုပ်ကြံမှုအပြစ်
ကြောင့် (၁၉၄၈) ခုနှစ်၊ မေလ (၈) ရက်၊ နံနက် (၁) နာရီ
(၃၀) မိနစ်တွင် အင်းစိန် ဗဟိုအကျဉ်းထောင်အတွင်းရှိ ကြိုးစင်



www.burmeseclassic.com

www.burmeseclassic.com



၌ ကြီးပေးခဲ့လိုက်ရသူတစ်ဦးဟု ဆိုရပေမည်။

ဂဠုန်ဦးစော၏ဇာတ်သိမ်းကား မလှပခဲ့။ အများသိသည့်အတိုင်း သမိုင်းတွင် အကျည်းတန်ခဲ့သည်။ သူသာမဟုတ်၊ တိုင်းပြည်ပါ နစ်နာခဲ့သည်။ သူသည် အရာရာ၌ ထက်မြက်သူ၊ ယုံ့လ၊ ဝီရိယနှင့် သတ္တိရှိသူ ဖြစ်သည့်အပြင် ရည်ရွယ်ချက်လည်း ကြီးမားလှသူဖြစ်သည်။ ထိုစိတ်ဓာတ်ရှိသူများသည် အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို အမှန်ထိန်းချုပ်ရပ်တည်မှုနှင့် သပ္ပုရိသူပနိဿယ-ပညာရှိသူတော်ကောင်း အမှီသာရရှိပါလျှင် လျှမ်းလျှမ်းတောက် အထွတ်အထိပ်သို့ ရောက်နိုင်လေ၏။

သူသည် ဘာသာ,သာသနာရေးတွင်လည်း စိတ်ပါဝင်စားသူ၊ ကိုင်းရှိုင်းရိုသေသူဖြစ်သည်။ ဗြိတိသျှခေတ် သစ်တောရေးဝန်ကြီးဖြစ်စဉ်က သူ့လုပ်ပိုင်ခွင့်နယ်ပယ်တွင် ဗြိတိသျှပေါ်လစီကိုဆန့်ကျင်ကာ ဘုန်းတော်ကြီးကျောင်းများအတွက် ပထမတန်းစား နိုင်ငံခြားတင်သစ် တန်ပေါင်းများစွာ လှူခဲ့ဖူး၏။ ပခုက္ကူမြို့ အလယ်တိုက်ရှိ အထိကရအလယ်ကျောင်းကြီးမှာ သူ၏စွန့်စားလုပ်ဆောင်ချက်တစ်ခုပင် ဖြစ်၏။

ပညာရေးဝန်ကြီး ဖြစ်စဉ်ကလည်း မန္တလေးမြို့ မဟာ



www.burmeseclassic.com

www.burmeseclassic.com



မုနိအရှေ့ဘက်စောင်းတန်းထိပ်ရှိ မဟာနန္ဒိသေနာရာမကျောင်းတိုက်မြေကိုလည်း သာသနာ့မြေအဖြစ် သူပင် ဆောင်ရွက်ပေးသွားခဲ့သည်ဟု ဆိုသည်။ ထိုထက် အံ့ဩဖွယ်ကောင်းသော ဘာသာရေးစွန့်စားချက်တစ်ခုကား သမိုင်းတွင် ဖျက်၍မရချေ။ မကောင်းတာ မကောင်းခဲ့သော်လည်း သူ၏ကောင်းခြင်းများသည်ကား ကောင်းသည့်အလျောက် သမိုင်းတွင် တည်ရှိနေခဲ့သည်။

ရှေးယခင် ဗြိတိသျှခေတ်တွင် ပထမပြန်စာမေးပွဲ၌ ပထမငယ်စာမေးပွဲအောင်လျှင် (၁၄) ကျပ်သာ အစိုးရက လျှမြဲဖြစ်ရာ ဦးစောပညာရေးဝန်ကြီး ဖြစ်လာသောအခါ ကျပ် (၅၀) အထိ တိုး၍ လျှစေခဲ့သည်။ ပထမလတ်အောင်က (၇၅) ကျပ်၊ ပထမကြီးအောင်လျှင် ကျပ် (၁၀၀) အထိ ဖြစ်လာခဲ့လေသည်။ စာချတန်းတစ်ကျမ်းလျှင် ကျပ် (၁၀၀) နှုန်းမှာ ဦးစော တိုးမြှင့်လျှုဒါန်းခဲ့သော အောင်ဆုနှုန်းများ ဖြစ်လေ၏။

ဂဠုန်ဦးစောကား ဘုရင်စိတ် ပြင်းပြသူဖြစ်သည်။ အလောင်းမင်းတရား ဦးအောင်ဇေယျ စသော ကုန်းဘောင်မင်းဆက်များ အစဉ်အဆက် အောင်မြေဟု သတ်မှတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော နေရာတစ်ခု ရွှေဘိုမြို့အဝင် တောင်ဘက်၌ရှိသည်။ ထိုအောင်မြေ၌ ဦးစော အောင်မြေနင်းခဲ့၏။ အောင်မြေနေရာကိုလည်း အဆောက်အအုံတစ်ခုဆောက်ကာ သမိုင်းဝင်ဌာနတစ်ခုအဖြစ် ထင်ရှားစေခဲ့သည်။

(မှတ်ချက်-ထိုအဆောက်အအုံမှာ ယခု ဝေဘူဆရာတော်ကြီး၏ အောင်မြေရိပ်သာအတွင်း၌ ရှိနေလေသည်။

စာရေးသူ)

ထိုမျှမက အလောင်းမင်းတရားကြီး၏ သချိုင်းတော်သည် မူလက လေးတိုင်စင်ပြာသာဒ်ကလေးမျှသာ ရှိရာ ဦးစောဝန်ကြီးချုပ်အဖြစ် ရာထူးတာဝန်ထမ်းရွက်ရင်းဝန်ဘ၀တွင် (၁၉၄၀) ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၅) ရက်တနင်္ဂနွေနေ့နံနက်တွင် အလောင်းမင်းတရားကြီး၏ အုတ်နန်းပြာသာဒ်တော်ကို တည်ဆောက်ရန် ပန္နက်ချပေးခဲ့လေသည်။ ထိုအုတ်နန်းပြာသာဒ်တော်ကို တည်ဆောက်ရာ (၁၉၄၂) ခုနှစ်တွင် ပြီးဆုံး၍ ကျပ်သုံးသောင်းကုန်ကျလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## ဂျွန်ဦးစော၏နောက်ဆုံးနောင်တသံဝေဂ

ဂျွန်ဦးစောသည် အထက်တွင်ရေးသားဖော်ပြခဲ့သည့် အတိုင်း သစ်တန်များစွာ လှူခြင်း၊ ပထမပြန်ငွေများ တိုးမြှင့်လှူခြင်း စသည်တို့မှာ သူ၏သတ္တိရှိရှိကောင်းသောလုပ်ဆောင်ချက်များ ဖြစ်ခဲ့သော်လည်း နောင်အခါများတွင်ကား သူ၏ လုပ်ဆောင်ချက်များမှာ သတ္တိရှိရှိ မှားယွင်းခဲ့လေပြီ။ သူ့ဘဝတွင် တစ်ခုပြီးတစ်ခု ဒုက္ခတွေနှင့်သာ ရင်ဆိုင်နေရလေသည်။ အင်္ဂလိပ်အကျဉ်းသားဖြစ်ခဲ့ရပြီး လမ်းသွားရင်း ကားပေါ်မှာပင် သေနတ်အပစ်ခံရ၍ မျက်စိတစ်ဖက်ပျက်ခဲ့ရ၏။ နောက်ဆုံး မဟာအမှားကြီးဖြစ်သော နိုင်ငံတော်လုပ်ကြံမှုကြောင့် ကြိုးမိန့်ပေးခြင်းခံရသည်အထိ ရောက်လေတော့သည်။

ဂျွန်ဦးစောသည် အင်းစိန်ထောင်အတွင်း ကြိုးမိန့်ချပြီးနောက် တစ်ခုပြီးတစ်ခု ဆက်တိုက်ရင်ဆိုင်ခဲ့ရသော ဒုက္ခများအတွက် သူ့ဘဝကိုသူ ပြန်စဉ်းစားကြည့်မိသည်။ တရားခံ ရှာကြည့်သည်၊ ဝေဖန်သုံးသပ်ကြည့်သည်။ သူ့အမှားသူ လေ့လာသည်။ အခြားအကြောင်းများ ရှိချင်ရှိမည်ဖြစ်သော်လည်း သူ့စိတ်ထဲတွင် အဓိကအကြောင်းတစ်ခုကို သွားတွေ့၏။ ထိုအ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကား အခြားမဟုတ်။ သူ့ကိုယ်တိုင် ဘုရားရုပ်ပွားကိုး ကွယ်ပုံ များယွင်းခဲ့ခြင်းပင်တည်း။

နိုင်ငံတော်လုပ်ကြံမှုနှင့် ဘုရားကိုးကွယ်မှု အမှားနှစ်ခု သည် သူ့အတွက် ပြင်၍မရတော့သော အမှားများဖြစ်ခဲ့၏။ ဂျွန်ဦးစောသည် ကြိုးမိန့်မှ လွတ်မြောက်ရန် နည်းမျိုးစုံဖြင့် ကြိုးစားလေသည်။ အယူခံများ၊ အသနားခံများ အဆင့်ဆင့် ဖြင့် တစ်မျိုး၊ ၎င်း၏အားကိုးရာ နိုင်ငံခြားသံရုံးတစ်ရုံးသို့ လျှို့ ဝှက်အကူအညီတောင်းခံသည်ကတစ်ဖုံ နောက်ဆုံး ဂျွန် ဦးစောသည် သူ့ကိုယ်သူ လုပ်ကြံရန်ပင် ကြံစည်ခဲ့သည်။

သို့သော် သူ၏ကြိုးစားမှုများမှာ အရာမထင်ခဲ့၊ အထ မမြောက်ခဲ့ပေ။ မျှော်လင့်ချက်ကုန်ဆုံးသည်နှင့် သူလိုချင်သော အခွင့်အရေးများကို တန်းစီတောင်းတော့သည်။ သူတောင်းဆို သော အခွင့်အရေးများထဲတွင် ဘဝကူးကောင်းရန် သူ့အား ဘာမှမပြောကြတော့ဘဲ ဆိတ်ငြိမ်စွာနေခွင့်ပြုရန်နှင့် လယ်တီ ဆရာတော်ဘုရားကြီး ရေးသားပြုစုထားသော တရားစာအုပ် များ၊ ဒီပနီကျမ်းများ ဝယ်ပေးရန် မေတ္တာရပ်ခံတောင်းဆိုချက် လည်း ပါရှိ၏။ ထောင်တွင်းရှိ တာဝန်ရှိသူများကလည်း ထို



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးကို လိုက်လျှောခဲ့သဖြင့် လယ်တီဆရာတော် ဘုရားကြီး၏တရားစာအုပ်ကို လေ့လာဖတ်ရှုခွင့်ရခဲ့သည်။

တစ်နေ့တွင် ဂျူနီဦးစောသည် သူ့အား စောင့်ကြည့်ရန် တာဝန်ချထားသော ထောင်အရာရှိငယ် (ဒုထောင်မှူး)နှင့် စကားစမြည်ပြောဆိုမိရာမှ ဦးစောက တရားသံဝေဂသံပါပါနှင့် သွယ်ဝိုက်ဖြောင့်ချက်ပေးသကဲ့သို့ ပြောခဲ့သည်မှာ . . .

"ကျုပ်ဟာ တစ်သက်လုံး ဗုဒ္ဓဘာသာလို့ ပြောခဲ့တာပဲ၊ တကယ်တော့ မည်ကာမတ္တ ဗုဒ္ဓဘာသာမျှသာ ဖြစ်ခဲ့တာကို ခုလို တရားစာပေလေ့လာမိမှ ပိုပြီးသိရတယ်၊ ကျုပ်ဟာ လောကမှာရှိတဲ့ မကောင်းမှုမှန်သမျှ မလုပ်ခဲ့ဖူးတာလည်း မရှိဘူး၊ ကျုပ်ဟာ လောကရဲ့ ခံစားရမယ့် အကောင်းဆုံးတွေကို လည်း မခံစားဖူးတာ မရှိဘူး၊ ဒါပေမဲ့ ခုတွေ့ရတဲ့ တရားတော်ရဲ့ အဆီအနှစ်တွေကို ကျုပ် တစ်ခါမှ မတွေ့ခဲ့ဖူးဘူး"

ဟု ဝန်ခံလျှက် တစ်ဆက်တည်းဆိုသလို . . .

"ကျုပ်မှာ အာဏာရှိတဲ့အချိန်တုန်းကလည်း ဘာသာရေးကို အလေးအနက်မပြုမိဘူး၊ ဘာသာရေးဟာ ကျုပ်အတွက် ဟန်ပြအဆောင်အယောင်တစ်ခုလောက်သာ ရှိခဲ့တယ်၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



သန္တမှာရှိတာက ကျုပ် အာဏာတည်မြဲရေး၊ ကြီးပွားရေးနဲ့ တိုင်းပြည်ကို ကျုပ်ကြိုက်တဲ့ပုံစံသွင်းချင်တာပဲ ကျုပ်မှာ အဓိက ဖြစ်ခဲ့တယ်၊ အဲဒီအချိန်ကသာ ခုတွေ့ရတဲ့ တရားတော်တွေကို တွေ့ရရင် ခုလိုလည်း ဖြစ်မယ်မထင်မိဘူး"

ဟူ၍ ဖွင့်အံခဲ့သည်။

ထို့အပြင် ဂျူနိုဦးစောသည် ကြီးမားသော အစွဲအလမ်း ကြီးတစ်ခုကြောင့် စိတ်ထိခိုက်မှုဖြစ်နေရကာ . . .

"ကျုပ်ဟာ နန်းရင်းဝန်ကြီးဘဝနဲ့ ရွှေဘိုနယ်ကိုရောက် ခဲ့တယ်၊ အဲဒီအချိန်က ရွှေဘိုနယ်မှာ အတော်ထင်ရှားကျော် ကြားနေတဲ့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ကိုးကွယ် တဲ့ သက်န်းနက်ဘုရား မတ်ရပ်ဆင်းတုတော်ဟာ အတော်တန် ခိုးကြီးတယ်၊ ဆုတောင်းပြည့်တယ်၊ လိုတရတယ်၊ ရန်အပေါင်း အောင်တယ်၊ ဒီဘုရားကို မရ,ရတဲ့နည်းနဲ့ ကျုပ်ယူခဲ့မိတယ်၊

ဒါပေမဲ့ ကိုးကွယ်လိုလို့ ကြည်ညိုသဒ္ဓါနဲ့ပင့်ခဲ့တာ မဟုတ်ဘူး၊ ကျုပ်အကျိုးအတွက်ကြည့်ပြီး ယူခဲ့တာပဲ၊ ဒီတော့ ဆင်းတုတော်ကို သာမန်မျှသာ ကိုးကွယ်မှုအဆင့်တင် မဟုတ်တဲ့ ကျုပ်ရဲ့အဆောင်သဘောမျိုးထားခဲ့မိတယ်၊ အဲဒါ ကျုပ်ရဲ့မှား



www.burmeseclassic.com

www.burmeseclassic.com



အမှားကြီးပဲ၊ နောက်မှသိရတာက အဲဒီဆင်းတုတော်ကြီးဟာ တန်ခိုးကြီးသလောက် အလွန်ခိုက်တယ်ဆိုတာသိရတော့ နောက်ကျသွားပြီ၊ အဲဒီအချိန်တုန်းက ကျုပ်ဟာ အင်္ဂလိပ် အကျဉ်းသမားဖြစ်လို့ဖြစ်ရ၊ သေနတ်ပစ်ခံလို့ခံရနဲ့ နောက်ဆုံး အခုအခြေအနေထိ ဖြစ်ခဲ့တာပါပဲ၊ နောက် ကျုပ် ဒီရောက်မှ အဲဒီဆင်းတုတော်ကြီးကို ရွှေတိဂုံစေတီတော် စံနေထောင့်မှာ ကျောင်းဆောင်တစ်ခုနဲ့ လှူဒါန်းလိုက်ရတယ်”

ဟု ဝမ်းနည်းစွာပြောခဲ့သည်။

ထိုဘုရားအား ဦးစောကို သရဏဂုံတင်စဉ်မှာ ရေစက်ချလှူဒါန်းသွားခဲ့သည်ဟူ၏။

●

## ဘုရားက မခိုက်ပါ၊ မရိုက်ပါ

ဗုဒ္ဓဘာသာအများစုသည် ဘုရားရုပ်ပွားတော်များ၊ စေတီများက ခိုက်သည်၊ ရိုက်သည်ဟု ယူဆတတ်ကြသည်။ ခိုက်သည်ဟူသည်မှာ မကောင်းကျိုးများ ကျရောက်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုခြင်းဖြစ်၏။ ထိုမကောင်းကျိုးများကို သက်ရှိထင်ရှား ဘုရားရှင်ကလည်း မလုပ်သလို သက်မဲ့ရုပ်ပွားဆင်းတုတော်များ ကလည်း မလုပ်ပေ။ ထိုဘုရားရှင်နှင့်ရုပ်ပွားတော်များအပေါ် မရိုမသေပြုလုပ်သော အကုသိုလ်ကံစေတနာက ပြုလုပ်ပေးခြင်း ဖြစ်သည်။ အရှင်ဒေဝကို မြေမျိုအောင် ဘုရားရှင်က လုပ်သည် မဟုတ်။ ဘုရားရှင်ကို သေအောင်သတ်ဖို့ အားထုတ်သော သူ၏စေတနာဆိုး၊ အကုသိုလ်ကလုပ်ခြင်းဖြစ်သည်။

ထို့အတူ ဂဠုန်ဦးစောကို ဒုက္ခရောက်အောင်လုပ်သည် မှာ သက်န်းနက်ရုပ်ပွားတော်မဟုတ်၊ ထိုရုပ်ပွားတော်ကို လောကီအာဏာပါဝါကိစ္စတွင် အဆောင်အဖြစ် မရိုမသေ အသုံးချခဲ့သော စေတနာဆိုး အကုသိုလ်ကြောင့်သာ ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရသော် မကောင်းကျိုးကို ဘုရား ရှင်နှင့်ရုပ်ပွားတော်များက ပေးသည်မဟုတ်သလို ကောင်းကျိုး ကိုလည်း ပေးသည်မဟုတ်ပေ။ မိမိကို ကောင်းကျိုးပေးသည်မှာ ထိုဘုရားရှင်နှင့် ရုပ်ပွားတော်များ၊ သံဃာတော်များအပေါ်တွင် ထားရှိသော စေတနာသာလျှင် ဖြစ်ပေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းကိုးစာရင်း

- တရားသူကြီးချုပ် ဒေါက်တာမောင်မောင်
  နိုင်ငံတော်လုပ်ကြံမှု
- ဗိုလ်သိမ်းဆွေ
  ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ
- ရွှေတာလေး (လွှယ်လင်)
  အလောင်းမင်းတရားကြီး၏သက်နန်းစက်ဘုရားနှင့်
  ဂဠုန်ဦးစောက်ကြွမှာ (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ၊ ဂျိုးရမဂ္ဂဇင်း)

www.burmeseclassic.com